# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်း သည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 1 October 2023 ၁၁၂၃၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခဲ့သည့် ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး ဦးဆောင်သည့်အဖွဲ့ လာရောက်တွေ့ဆုံနှုတ်ဆက်

## ကရင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငြိမ်းချမ်းမှုရရှိရေး၏ ခြေလှမ်းသစ်တစ်ခုကို စတင်

နေပြည်တော် စက်တင်ဘာ ၃၀


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး ဦးဆောင်သည့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တပ်မတော် အရာရှိကြီးများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုးနှင့်အတူ ကရင်အမျိုးသားအစည်းအရုံး(KNU) ဗဟိုကော်မတီဝင်ဟောင်းဖြစ်သူ စောရောဂျာခင်၊ ကော့ကရိတ်ခရိုင်ဥက္ကဋ္ဌ ပဒိုရွှေမောင်းတို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းသည် ငြိမ်းချမ်းရေးအတွက် အားတစ်ခုဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တပ်မတော်၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ရမှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ပြီး NCA သဘောတူညီချက်များကို ချိုးဖောက်ခဲ့သဖြင့် NCA စာချုပ်ပျက်ပြယ်ပြီဟု အခြေအမြစ်မရှိ ပြောကြားမှုများ ပြုလုပ်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၂၀ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့်သာ ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့်အညီ နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်ခဲ့ရခြင်းပင် ဖြစ်ကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခဲ့သည့် ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။


ယနေ့ ဖတ်စရာ

**“ပြည်သူ့အတွက် သစ္စာ သမာဓိ သတ္တိ”** ဆောင်းပါး စာမျက်နှာ » ၆

**ပင်လယ်ကမ်းရိုးတန်းနှင့်အပြာရောင်စီးပွားရေး** ဆောင်းပါး စာမျက်နှာ » ၁၁

**၅၀ ကျပ်နှင့် ၁၀၀ ကျပ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှရပ်စဲကြောင်း ထုတ်ပြန်ချက်များသည် မဟုတ်မမှန်သော သတင်းမှားများသာဖြစ်** စာမျက်နှာ » ၇

**နိုင်ငံတကာအဆင့် မြန်မာ့တပ်မတော် ဆေးပညာနှီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲ၏ ဝမ်းမြောက်ဂုဏ်ယူဖွယ်စကားသံများ** တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၀

ကြေးမုံ

# နိုင်ငံ့စီးပွားမြင့်မားရေး လုပ်ငန်းအလိုက်ကြိုးပမ်း

မြန်မာနိုင်ငံတွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဟူသည့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ၎င်းရည်မှန်းချက်နှစ်ရပ်သည် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ရမည့် နိုင်ငံတော်၏မျှော်မှန်းချက်ဖြစ်သည်။ နိုင်ငံတော်အစိုးရက ပြည်သူပြည်သားအားလုံး မပူမပင် မကြောင့်မကြဖြင့် အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်ဟုခံယူပြီး လက်တွေ့အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းတို့ကိုအကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက်နှင့် ဝန်ကြီးဌာနများ၏ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများသည် အရေးကြီးသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၃)တွင် "ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံလုပ်ငန်းများ၊ MSME လုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေသည့် စက်ရုံအလုပ်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်မည်ဆိုပါက တိုင်းပြည်အတွက် အကျိုးများစွာဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံ့စီးပွားတိုးတက်လာမည်ဖြစ်ကြောင်း"ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည်။ နိုင်ငံ့စီးပွားတိုးတက်လာစေရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်စွမ်းအားများ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် နေ့စဉ် လူဦးရေတိုးပွားလာသည်နှင့်အမျှ စားရေရိက္ခာဖူလုံမှုအတွက် လိုအပ်ချက်များစွာရှိနေသည်။ အဆိုပါစားရေရိက္ခာလိုအပ်ချက်ကို စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံများကသာ ဖြည့်ဆည်းပေးနိုင်သဖြင့် စွမ်းအားပြည့် စိုက်ပျိုးထုတ်လုပ်ကြရန်လိုသည်။ အချို့နိုင်ငံများတွင် သီးထပ်စွမ်းအား ရာခိုင်နှုန်း ၃၀၀ ခန့်ရှိနေချိန်တွင် မြန်မာနိုင်ငံ၌ သီးထပ်စွမ်းအားရာခိုင်နှုန်း ၁၅၀ ကျော်ခန့်သာရှိသဖြင့် သီးထပ်စွမ်းအားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ကျေးလက်နေလူဦးရေ ၇၂ ရာခိုင်နှုန်းအနက် ၄၅ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေးတွင် တိုက်ရိုက်ဆောင်ရွက်နေကြသူများဖြစ်သည်။ ကျန်ကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးကိုအခြေခံသည့် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသူများဖြစ်၍ မြန်မာနိုင်ငံသားအများစု စီးပွားရေးမှာ စိုက်ပျိုးရေးအပေါ်တည်မှီနေသည်။ နိုင်ငံသားများမှာ မွေးမြူရေးအစားအစာများကို အဓိကစားသုံးကြသဖြင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူပါက အသား၊ ငါး၊ ဥအမျိုးမျိုးဖူလုံလာမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များကို MSME လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်၍ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုသည်။

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသောနိုင်ငံဖြစ်သည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးလျက်ရှိပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ဝန်ကြီးဌာနအလိုက် စက်ရုံအလုပ်ရုံများစွာရှိပြီး ထုတ်လုပ်နိုင်စွမ်းလည်းရှိသည်။ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် စက်ရုံအလုပ်ရုံများ ပြန်လည်လည်ပတ်၍ ကုန်ထုတ်လုပ်မှုမြှင့်တင်လျက်ရှိသည်။ စက်ရုံများ ပြင်ဆင်မှုနှင့် အဆင့်မြှင့်တင်မှုများ ပြုလုပ်လျက်ရှိသည်။ စက်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ပါမှ ကုန်ထုတ်စွမ်းအားမြင့်မားလာမည်ဖြစ်သည်။ နိုင်ငံအတွက် လိုအပ်သည့်ထုတ်ကုန်များကို အရည်အသွေးပြည့်ဝပြီး အဆင့်မြင့်မားစွာ ထုတ်လုပ်နိုင်လျှင် ပြည်တွင်းဝယ်လိုအားမြင့်မားလာပြီး ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဖြစ်သည်။ တစ်ချိန်သောကာလက ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးထားသုံးစွဲခဲ့ရသည်များမှာ သတိရစရာဖြစ်သည်။

ယနေ့ကာလကဲ့သို့ ပိတ်ဆို့ဟန့်တားမှုများရှိနေချိန်တွင် နိုင်ငံချစ်စိတ်ဖြင့် မိမိနိုင်ငံတိုးတက်အောင်၊ ဖွံ့ဖြိုးအောင် ကြိုးပမ်းအားထုတ်ကြရမည့်အချိန်ကာလဖြစ်သည်။ နိုင်ငံ့စီးပွားမြင့်မားတိုးတက်စေရန်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို မြှင့်တင်အားပေးနေသကဲ့သို့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများလည်း မြင့်မားတိုးတက်လာအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံအပေါ်သစ္စာရှိမှု၊ ယုံကြည်ချက်၊ ခံယူချက်ဖြင့် ကြိုးစားအားထုတ်မှုတို့ကြောင့် အချိန်တိုကာလအတွင်း အောင်မြင်မှုများ၊ တိုးတက်မှုများ ဖြစ်ထွန်းလာသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲကလည်း ဆက်လက်၍ ယုံကြည်မှုကို မြှင့်တင်ပြီး ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုရှိအောင် ဆောင်ရွက်ကြရန် တိုက်တွန်းထားသည်။

သို့ဖြစ်ရာ အောင်မြင်မှုဆိုသည်မှာ လုပ်နိုင်စွမ်းအားပေါ်တွင်မူတည်နေသဖြင့် နိုင်ငံတွင် ပိုင်ဆိုင်ထားပြီးဖြစ်သည့် အရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲ၍ အကျိုးရှိစွာ အသုံးချလုပ်ကိုင်ကြပြီး နိုင်ငံ့စီးပွားတိုးတက်လာအောင် လုပ်ငန်းနယ်ပယ်အလိုက် ကြိုးပမ်းဆောင်ရွက်ကြရန် လေးစားစွာ တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် အခြားစားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၃၀**

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးတွင် ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်များ ဆွမ်းကွမ်းအခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကုလားပဲများနှင့် လှူဖွယ်ပစ္စည်းများကို ထောက်ပံ့ လှူဒါန်းပေးလျက်ရှိသည်။



ထိုသို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားခရိုင် ကန်ဦးကျောင်းတိုက်သို့ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှသိန်းနှင့်တာဝန်ရှိသူများက သွားရောက်၍ ကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သားသာမဏေများနှင့် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားလှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထားဝယ်မြို့တွင် ဥပဒေရေးရာ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

**ထားဝယ် စက်တင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့ နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်းက ဥပဒေရေးရာဝန်ကြီးဌာန၏ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီးဥပဒေအရာရှိ ဦးထိန်လင်းကျော်က ဥပဒေရေးရာဝန်ကြီးဌာန၊ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ရှင်းလင်းပွဲသို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခဲ့သည့် ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။

# NCA စာချုပ်သည် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များချုပ်ဆိုသည့် အမြင့်ဆုံးစာချုပ်တစ်ခုပင်ဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံတော်တို့ ချုပ်ဆိုထားသည့် ကတိကဝတ်ပင်ဖြစ်

☆ ရှေ့ဖုံးမှ

ထို့ကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် NCA လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်၍ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်း ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရေး တပ်မတော်အနေဖြင့် အမြဲဖိတ်ခေါ်လမ်းဖွင့်ထားပြီးဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်ရှိ ဒေသခံပြည်သူများအနေဖြင့်လည်း အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်လိုသည်ဟု သိရှိရပါကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရှိပါက ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပြီး ဒေသတစ်ခုချင်းအလိုက် တည်ငြိမ်အေးချမ်းမှုရှိခြင်းမှသည် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းလာပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ စောမူတူးစေးဖိုးအနေဖြင့် NCA လက်မှတ်ရေးထိုးခဲ့သည့် ကရင်တိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်ပြီး ကရင်ပြည်နယ်ရှိ ပြည်သူ၊ ပြည်သားများ၏ ငြိမ်းချမ်းရေးအတွက် တာဝန်ရှိနေဆဲပင်ဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ၊ ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားပေးပါရန် ဖိတ်ခေါ်ပါကြောင်း ဦးစွာပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခဲ့သည့် ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုးနှင့်အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုးနှင့်အဖွဲ့ဝင်များက အမှန်တကယ် ငြိမ်းချမ်းရေးကိုလိုလားပါက အမှန်းတရားကို အခြေခံ၍ ဆောင်ရွက်၍ရမည်မဟုတ်ကြောင်း၊ မိမိအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးစဉ်ကတည်းကပင် ယခုအချိန်အထိ ငြိမ်းချမ်းရေးရရှိရေးကိုသာ ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ကရင်အမျိုးသားအစည်းအရုံး (KNU)ကို ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ မှန်မှန်ကန်ကန်ရောက်ရှိလာစေရေး စိတ်ရှည်စွာဖြင့် စောင့်ဆိုင်းပေးနေမှုအပေါ်တွင်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ NCA စာချုပ်ချုပ်ဆိုချိန်တွင်လည်း အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာမှ သံတမန်များ၊ ပြည်တွင်းအသိသက်သေများ ရှေ့မှောက်၌ လက်မှတ်ရေးထိုးထားခြင်းဖြစ်ပြီး မည်သည့်အချိန်မှ ပျက်ပြယ်မှုမရှိတည်ရှိနေမည့် ခိုင်မာသည့် တရားဝင်စာချုပ်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် NCA အပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားရမည်ဟု မိမိအနေဖြင့်ယုံကြည်ပါကြောင်း၊ NCA နှင့်ပတ်သက်၍ အထောက်အထားမဲ့၊ အဓိပ္ပာယ်မဲ့စွာ လက်လွတ်စပယ်ပြောကြားမှုများကို လက်သင့်ခံ၍ ရနိုင်မည်မဟုတ်ပါကြောင်း၊ မိမိအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံပြီး တည်ငြိမ်အေးချမ်းမှုကို လိုလားပါကြောင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် လက်နက်ကိုင်လမ်းစဉ်ကို မကျင့်သုံးဘဲ တွေ့ဆုံညှိနှိုင်းဆွေးနွေးရေးကိုသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကို ပျက်ယွင်းစေမည့် အပြုအမူအပြောအဆို၊ အလုပ်အကိုင်များကို လုံးဝလက်သင့်ခံ၍ ရနိုင်မည်မဟုတ်ပါကြောင်း၊ သဘောတူညီချက်များဖြင့် ချုပ်ဆိုထားသည့် NCA လမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းသွားရမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားကြသည်။ **စာမျက်နှာ ၄ သို့** ☆

- ☆ **တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင်** NCA **နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်၍ ဆက်လက်ဆောင်ရွက်သွားမည်**
- ☆ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(**EAO**)များအားလုံးကို ငြိမ်းချမ်းရေးဆွေးနွေးရန် အမြဲတံခါးဖွင့်ကြိုဆိုလျက်ရှိ၊ မိမိတို့ထံသို့ လာရောက်တွေ့ဆုံ ညှိနှိုင်းဆွေးနွေးနိုင်သကဲ့သို့ တပ်မတော်မှ ငြိမ်းချမ်းရေးဆွေးနွေးမှုအဖွဲ့များကို စေလွှတ်ဆွေးနွေးပေးစေလိုပါကလည်း တိုင်းစစ်ဌာနချုပ်များတွင် ဆွေးနွေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်**
- ☆ **ကရင်အမျိုးသားအစည်းအရုံး(**KNU**)သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(**EAO**)ဖြစ်ပြီး** PDF **အမည်ခံ အကြမ်းဖက်သမားများသည် ပြည်သူလူထုတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့များဖြစ်**

☆ စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုတွေ့ဆုံမှုသည် ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငြိမ်းချမ်းမှုရရှိရေး၏ ခြေလှမ်းသစ်တစ်ခုကို စတင်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ NCA စာချုပ်သည် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များချုပ်ဆိုသည့် အမြင့်ဆုံးစာချုပ်တစ်ခုပင်ဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံတော်တို့ ချုပ်ဆိုထားသည့် ကတိကဝတ်ပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း နိုင်ငံတော်နှင့် နိုင်ငံသားတို့အကြား အာမခံချက်ပေးထားသည့် ကတိကဝတ်နှင့် သဘောတူညီချက်တစ်ခုပင်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူလူထု၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်၊ ပြည်သူလူထု၏ ဆန္ဒဖြစ်သော NCA စာချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားရမည်ဖြစ်ကြောင်း၊ **တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် NCA နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသား**

☆ **ပြည်သူလူထု၏ဆန္ဒဖြစ်သော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကို ကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်**

☆ **ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် တိုင်းရင်းသားများနှင့် ဒေသကို ကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်များ အများအပြား ရွေးကောက်ခံစင်မြင့်သို့ ရောက်ရှိလာရန် လိုအပ်မည်**

လက်နက်ကိုင်အဖွဲ့အစည်း(EAO)များအားလုံးကို ငြိမ်းချမ်းရေးဆွေးနွေးရန် အမြဲတံခါးဖွင့်ကြိုဆိုလျက်ရှိပါကြောင်း၊ မိမိတို့ထံသို့ လာရောက်တွေ့ဆုံညှိနှိုင်းဆွေးနွေးနိုင်သကဲ့သို့ တပ်မတော်မှ ငြိမ်းချမ်းရေးဆွေးနွေးမှုအဖွဲ့များကို စေလွှတ်ဆွေးနွေးပေးစေလိုပါကလည်း တိုင်းစစ်ဌာနချုပ်များတွင် ဆွေးနွေးနိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကရင်အမျိုးသားအစည်းအရုံး(KNU)သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(EAO)ဖြစ်ပြီး PDF အမည်ခံအကြမ်းဖက်သမားများသည် ပြည်သူလူထုတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့များဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာ ဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထု၏ဆန္ဒဖြစ်သော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကို ကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် တိုင်းရင်းသားများနှင့် ဒေသကို ကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်များ အများအပြား ရွေးကောက်ခံစင်မြင့်သို့ ရောက်ရှိလာရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုးအနေဖြင့် NCA စာချုပ်ကို ကိုယ်တိုင်လက်မှတ်ရေးထိုးပါဝင်ခဲ့သည့် တိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်ပြီး မကြာမီကျရောက်တော့မည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုမှု ၈ နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်နိုင်ရန် ဖိတ်ကြားပါကြောင်း ပြောကြားသည်။

**ပွင့်ပွင့်လင်းလင်းဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကရင်တိုင်းရင်းသားခေါင်းဆောင်နှင့် အဖွဲ့ဝင်များသည် ရရှိပြီးသည့် ငြိမ်းချမ်းရေးပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်၍ ပိုမိုခိုင်မာသည့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကရင်တိုင်းရင်းသားခေါင်းဆောင်နှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ဒေသထွက်လက်ဆောင်များ ဂါရဝပြုပြန်လည်ပေးအပ်ခဲ့ကြောင်းနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားများ တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၃၀**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိ တက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာကြားကြသည်။

**အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်း**

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချအမျှဝေပြီးအနုမောဒနာတရားနာကြား၍ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားရုပ်သိမ်းပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ အမှတ်(၃)မင်္ဂလာကန်တော်တွင် ကျင်းပသည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး မင်္ဂလာကန်တော်အတွင်းသို့ ငါးမြစ်ချင်း ငါးမျိုးစိတ် ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မြိတ်မြို့၌ အသိပညာပေးပြခန်းယာဉ်များဖြင့် အခြေခံပညာကျောင်းများသို့ လိုက်လံပြသ



**မြိတ် စက်တင်ဘာ ၃၀**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ အခြေခံပညာကျောင်းများသို့ အသိပညာပေးပြခန်းယာဉ်များဖြင့် ယနေ့နံနက် ၉ နာရီက မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မိုးသက် ဦးဆောင်၍ ကျောင်းသားကျောင်းသူများအား လိုက်လံပြသ အသိပညာပေးကြသည်။

**ပညာပေးပြသ**

အသိပညာပေးပြခန်းယာဉ်များတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ မြိတ်ခရိုင်အတွင်း ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ဖြစ်ပွားသည့် ယာဉ်တိုက်မှုဖြစ်စဉ်များ၊ မူးယစ်ဆေးဝါးဆိုးကျိုးများ၊ မှုခင်းကြိုတင်ကာကွယ်မှုများ၊ သက်ငယ်မုဒိမ်းမှုကင်းစင်ရေး ကြိုတင်ကာကွယ်မှုများနှင့် ရဲတပ်ဖွဲ့၏ ပြည်သူ့အကျိုးပြုဆောင်ရွက်ချက်နှင့် ပတ်သက်သည့် ပညာပေးပြဘုတ်များဖြင့် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ပညာပေးပြသကြသည်။

**အသိပညာပေး**

အသိပညာပေးခြင်းကို မြိတ်ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြိတ်မြို့မရဲစခန်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မြိတ်)၊ ရေကြောင်းရဲတပ်ဖွဲ့စု(မြိတ်)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မြိတ်)၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(မြိတ်)တို့ ပူးပေါင်း၍ အသိပညာပေးပြခန်းယာဉ် ရှစ်စီးဖြင့် အခြေခံပညာကျောင်းများသို့ လှည့်လည်ပြီး ကျောင်းသား ကျောင်းသူမျာအား အသိပညာပေးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး ရင်ပြင်တော် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ပုသိမ် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စု၌ တည်ထားကိုးကွယ်တော်မူသည့် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီးရင်ပြင်တော်ပေါ်ရှိ တံခွန်တိုင်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အထက်ရင်ပြင်တော်နှင့် အောက်ရင်ပြင်အကြားရှိ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ အောက်ရင်ပြင်(– 12 to 0) level ကော်လံများ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ 0 level ကွန်ကရစ်ကျောက်ပုံးကျောက်ခွက်များ ဆောင်ရွက်နေမှုများ၊ စေတီတော်ရင်ပြင်အောက်ဘက်ရှိ ကမ်းခြေဆင်းလမ်းဆောင်ရွက်မည့်အခြေအနေများနှင့် မြောက်ဘက်မုခ်ဦးလှေကားဆောင်ရွက်နေမှုနှင့် ရေကန်နံရံများတည်ဆောက်မည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ရန်မှာကြားခဲ့ကာ မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟိုင်းကြီးကျွန်းမြို့ အမှတ်(၁)ရပ်ကွက်သို့ သွားရောက်ခဲ့ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ဟိုင်းကြီးကျွန်းအဝင် ရေလမ်းကောင်းမွန်စေရေးလုပ်ငန်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နုန်းတားကျောက်စီလှိုင်းကာ ပေ ၅၀၀ ဆောင်ရွက်ခြင်းနှင့် သောင်တူးခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေလမ်းကြောင်းများ ရေရှည်ကောင်းမွန်စေရေး အစီအစဉ်များရေးဆွဲဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးစေရန်နှင့် ရေရှည်ကြံ့ခိုင်မှုရှိစေရေးအလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့၊ ရွာများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် စာသင်ကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၃၀**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်းမိမိတို့၏ မြို့၊ ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင် ပေါက်ပွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများ အားတက်သရော ဆောင်ရွက်လျက်ရှိသည့်အပြင် စာသင်ကျောင်းများ သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နှင့် သိန္နီမြို့တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ လည်းကောင်း ဆေးရုံများ၊ ဆေးခန်းများနှင့် ဆေးရုံးဝင်းအတွင်း/အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်း၊ ခြင်၊ ယင် ပိုးမွှားများ ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ဘုရား၊ စေတီ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာ ကျောင်းများ၊ တက္ကသိုလ်များ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို ဆောင်ရွက်ပေးကြသည်။



ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ပြည်သူ့ဆေးရုံများ သန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၉ ရပ်ကွက် အနော်ရထာလမ်းနှင့် ရာဇာဓိရာဇ်လမ်းထောင့်ရှိ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ပြည်သူ့ဆေးရုံဝင်း အတွင်းနှင့် ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းရှိ ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီးဝင်းအတွင်းတို့၌ ဌာနဆိုင်ရာများ၊ လူမှုအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်းအင်အားဖြင့် စုပေါင်းလုပ်အားပေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)ဝင်းအတွင်း၌ တပ်မတော်သားများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းအင်အားဖြင့် စက်ယန္တရားများ အသုံးပြု၍ သစ်ပင်အုပ်မိုးကိုင်းများ ဖြတ်ညှိပုံသွင်းအလင်းဖွင့်ခြင်း၊ သစ်ပင်အောက်တက်များ ရှင်းလင်းခြင်း၊ မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများအတွင်းရှိ အမှိုက်နှင့် မြောင်းချေးများ ဆယ်ယူရှင်းလင်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးမှုတ်ခြင်း၊ ရေစည်ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ဖုံးသွန်လဲစစ်ပြုလုပ်ခြင်း စုပေါင်းလုပ်အားပေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ဆေးရုံကြီးများအတွင်း အလင်းရောင်ကောင်းစွာရရှိရန် အုပ်မိုးသစ်ကိုင်းများ စနစ်တကျခုတ်ထွင်ရှင်းလင်းစွန့်ပစ်ရန်၊ ဆေးရုံကြီးများအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရန်၊ ချုံနွယ်မြက်ပင်များရှင်းလင်းထားရှိရန်နှင့် လျှပ်စစ်မီးကြိုးများအား အန္တရာယ်ကင်းစွာ သွယ်တန်းထားရှိရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

# “ပြည်သူ့အတွက် သစ္စာ သမာဓိ သတ္တိ”

အန်ကယ်ပညာ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ ခေတ်နှင့်အညီ အဆင့်ဆင့်ပြောင်းလဲတိုးချဲ့ဖွဲ့စည်းလာခဲ့သည့်အပြင် ထိုနေ့ကိုပင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဟု သတ်မှတ်ခဲ့ကြပါသည်။ သို့ဖြစ်၍ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့သည် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဖြစ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် မိမိတို့ကျရာကဏ္ဍမှ ကျေပွန်အောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ထဲရေးဝန်ကြီးဌာနက ချမှတ်သည့် မူဝါဒများနှင့်အညီ တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသောတပ်ဖွဲ့ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နယ်စပ်ဒေသလုံခြုံရေး၊ ပြည်တွင်းလုံခြုံရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးတာဝန်များကို နောင်တော်တပ်မတော်နှင့် လက်တွဲ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

### ရည်မှန်းချက်တာဝန်(၄)ရပ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်ဟူသည့်မူဝါဒ ( ၃ )ရပ်ကို အခြေခံလျက် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသည့် ရည်မှန်းချက် တာဝန် (၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုရည်မှန်းချက်တာဝန် (၄) ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သစ္စာ (၄)ချက်ကို ဦးထိပ်ပန်ဆင်လျက် ပြစ်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီး ပြစ်မှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသည့် လုပ်ငန်းတာဝန် (၆) ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

### ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ၂၀၂၂ ခုနှစ် တစ်နှစ်တာကာလအတွင်း အချိန်အခါအရဆောင်ရွက်ရသည့် နိုင်ငံတော်အခမ်းအနားများ၊ နိုင်ငံတော်အဆင့် အကြီးအကဲများ၏ သွားလာလှုပ်ရှားမှုများ၊ ပြည်ပဧည့်သည်တော်၏ ခရီးစဉ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံမှုအပြည့်အဝပေးနိုင်ရေး ဆောင်ရွက်ကြပါသည်။ ထို့အပြင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ၊ အမြန်လမ်းမကြီးနှင့် လမ်းအသုံးပြုသူများ၊ ငွေကြေးဆိုင်ရာ မှုခင်းကိစ္စရပ်များ၊ ရေကြောင်းနှင့် လေကြောင်းဆိုင်ရာကိစ္စရပ်များအတွက်လည်း သက်ဆိုင်ရာရဲတပ်ဖွဲ့များကပြည်သူလူထုကို လုံခြုံမှုဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပညာပေးခြင်း၊ တားဆီးကာကွယ်ပေးခြင်း၊ ဖော်ထုတ်အရေးယူနိုင်ရေးဆောင်ရွက်ခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းစဉ်များဖြင့် ပြည်သူလူထုကို ဗဟိုပြုကာတပ်ဖွဲ့များ အချင်းချင်း ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ လူပုဂ္ဂိုလ်လုံခြုံရေးသာမက ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး၊ နိုင်ငံတော်၏ နယ်စပ်ဒေသများ၊ အဆောက်အအုံ၊ ငွေကြေး၊ ယာဉ်ယန္တရားပစ္စည်းများအပြင် သယံဇာတများလုံခြုံရေးအတွက်လည်းဆောင်ရွက်လျက်ရှိကြပါသည်။

> ✻ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ပြည်သူလူထုအပေါ် သဘာဝဘေးအန္တရာယ်များဖြစ်သည့် မီးဘေး၊ လေဘေး၊ ရေဘေးနှင့် ငလျင်ဘေးတို့ကျရောက်သည့်အခါများတွင် လုံခြုံရေးနှင့် ကူညီကယ်ဆယ်ရေးအတွက် အစောဆုံးရောက်ရှိကြသူများဖြစ်
>
> ✻ ထိုနေရာများတွင် ဘေးအန္တရာယ်ကျရောက်နေသူများအား ကူညီကယ်ဆယ်ခြင်း၊ လူနှင့် ပစ္စည်းများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ အပျက်အစီးများ ရှင်းလင်းဖယ်ရှားပေးခြင်းနှင့် အဆောက်အအုံများ ပြုပြင်တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေး

### တရားဥပဒေစိုးမိုးရေး

ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် တစ်ခုနှင့်တစ်ခုချိတ်ဆက်လျက် အကြောင်းအကျိုးဆက်စပ်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များဖြစ်ကြပါသည်။ ထို့အပြင် ထိုရည်မှန်းချက် တာဝန်များကို ပြစ်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားပြီးပြစ်မှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေးဟူသည့် လုပ်ငန်းတာဝန်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အမှုကြီး (၁၀)မျိုးအတွက် ၂၄၃၀ မှု၊ အခြားအမှု (၁၀)မျိုးအတွက် ၃၀၆၉၆ မှု၊ ကြိုတင်ကာကွယ်မှု (၁၀)မျိုးအတွက် ၂၆၃၅၅ မှုတို့ကို တရားစွဲတင်နိုင်ခဲ့ပါသည်။

မျက်မှောက်ခေတ်တွင် နည်းပညာအသုံးပြုမှုတွင်ကျယ်လျက်ရှိရာ ရာဇဝတ်မှုကျူးလွန်သူများအနေနှင့်လည်း နည်းပညာကိုအသုံးချ၍ ဥပဒေချိုးဖောက်မှုများ၊ ရာဇဝတ်မှုများကို ကျူးလွန်လာကြရာ အချို့သောမှုခင်းကိစ္စရပ်များတွင် သမားရိုးကျနည်းဖြင့် ရှာဖွေစုံစမ်းဖော်ထုတ်ရန် ခက်ခဲလာသဖြင့် ခေတ်နှင့်အညီ နည်းပညာမြင့် အထောက်အကူပြုပစ္စည်းကိရိယာများကိုလည်း ကျွမ်းကျင်စွာကိုင်တွယ် အသုံးပြုတတ်ရန် လိုအပ်လာပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ခေတ်မီအထောက်အကူပစ္စည်းများ တပ်ဆင်ပေးခြင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်ဆောင်ရွက်ပေးခြင်းတို့ဖြင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

### မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် အထူးစစ်ဆင်ရေးကြီးများ ဆင်နွှဲကာ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ်အတွင်း အထူးစစ်ဆင်ရေးကြီးသုံးခုဖြင့် ဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါးမှု ၁၇၁၇ မှု၊ တရားခံ ၂၅၃၂ ဦးနှင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၅၇၆ ဒသမ ၁၄၃ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ပါသည်။ ထိုစစ်ဆင်ရေးကြီးများအပါအဝင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၂၀၂၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ၆၇၅၉ မှုမှ တရားခံ ၉၆၀၀ ဦးတို့အား ငွေကျပ် ၁၁၂၀ ဒသမ ၃၆၀၃ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၅၃၃ ဒသမ ၅၀၄ သန်းကျော်)တန်ဖိုးရှိ မူးယစ်ဆေးဝါး၊ ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ၊ လက်နက်ခဲယမ်းများ၊ ယာဉ်များ၊ မြန်မာကျပ်ငွေနှင့် နိုင်ငံခြားသုံးငွေ အမြောက်အမြားတို့ကို သိမ်းဆည်းနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း တစ်နှစ်တာဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းကို ၂၆-၆-၂၀၂၂ ရက်နေ့တွင် ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် ပြုလုပ်ခဲ့ရာ ငွေကျပ် ၁၁၈၈ ဒသမ ၈၂ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၄၂ ဒသမ ၆၀၈ သန်းကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများကို ဖျက်ဆီးနိုင်ခဲ့ပါသည်။ ထို့အပြင် ၂၀၂၁-၂၀၂၂ ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၁၄၀၃ ဒသမ ၂၇ ဟက်တာ (၃၄၆၇ ဒသမ ၄၉ ဧက) ဖျက်ဆီးနိုင်ခဲ့ပါသည်။

### ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ပြည်သူလူထုအပေါ် သဘာဝဘေးအန္တရာယ်များဖြစ်သည့် မီးဘေး၊ လေဘေး၊ ရေဘေးနှင့် ငလျင်ဘေးတို့ ကျရောက်သည့်အခါများတွင် လုံခြုံရေးနှင့် ကူညီကယ်ဆယ်ရေးအတွက် အစောဆုံးရောက်ရှိကြသူများဖြစ်ပါသည်။ ထိုနေရာများတွင် ဘေးအန္တရာယ်ကျရောက်နေသူများအား ကူညီကယ်ဆယ်ခြင်း၊ လူနှင့်ပစ္စည်းများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ အပျက်အစီးများ ရှင်းလင်းဖယ်ရှားပေးခြင်းနှင့် အဆောက်အအုံများ ပြုပြင်တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါသည်။ ထို့အပြင် အခါကြီးရက်ကြီးများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးခြင်း၊ ရေရှားပါးသည့်နေရာများသို့ သောက်သုံးရေလှူဒါန်းခြင်း၊ သွေးလှူခြင်းတို့ကိုလည်း ဆောင်ရွက်ပေးကြပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်မှု ၃၈၉၂ ကြိမ်တွင် ပါဝင်အင်အား ၃၈၈၃၉ ဦးဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါသည်။

### ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု

ဖော်ပြခဲ့သော အချက်အလက်များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ကုန်လွန်ခဲ့သည့် တစ်နှစ်တာကာလအတွင်း ပြည်သူထုအတွက် ဆောင်ရွက်ခဲ့ကြသည့် ရဲလုပ်ငန်းဝန်ဆောင်မှုများပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ချက်များဟုလည်း ဆိုနိုင်ပါသည်။ ထိုသို့သော ရဲလုပ်ငန်းဝန်ဆောင်မှုရလဒ်များတွင် ရဲတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းကျွမ်းကျင်မှု၊ ဇွဲလုံ့လ ဝီရိယနှင့် ကြိုးစားအားထုတ်မှုတို့ပါဝင်သည်မှန်သော်လည်း အဓိကမှာ ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြစ်ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ရဲလုပ်ငန်းဝန်ဆောင်မှုများ ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ ပြီးမြောက်အောင်မြင်စေရေးအတွက် ပြည်သူလူထုကလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ဖြတ်သန်းခဲ့ပြီးဖြစ်သည့် တစ်နှစ်တာကို မှတည်၍ ဖော်ပြခဲ့သော ဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအပေါ်ထားရှိသော သစ္စာတရား၊ တည်ကြည်ဖြောင့်မတ်မှုနှင့် စွမ်းရည်သတ္တိများပင်ဖြစ်ကြောင်း ရေးသားရင်း ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်သည့် “(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့”ကို ဂုဏ်ပြုအပ်ပါသည်။ ။



## ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

နေပြည်တော် စက်တင်ဘာ ၃၀

(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့၊ ဇီးပင်သာ အမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ် အောင်အောင် ဦးစီးအဖွဲ့က မိုင်တိုင်အမှတ် ၁၄၉၊ ၁၄၇ နှင့် ၁၄၆ အနီး၊ ခပေါင်းရဲကင်းမှ ဒုရဲအုပ် မျိုးအောင်ဦးစီးအဖွဲ့က မိုင်တိုင်အမှတ် ၁၄၃၊ ၁၄၅ အနီး၊ ဒုရဲအုပ် နေမင်းသိမ်းဦးစီးအဖွဲ့က မိုင်တိုင်အမှတ် ၁၅၅၊ ၁၅၂ အနီး၊ ဒုရဲအုပ် ကျော်ကျော်ထွေးဦးစီးအဖွဲ့က မိုင်တိုင်အမှတ် ၁၅၈/၅ စမိုးစစ်ဆေးရေးဂိတ်တွင် အမြန်လမ်းမကြီးပေါ်၌ မောင်းနှင်နေသည့် မော်တော်ယာဉ်များနှင့် အမြန်လမ်းမကြီး ဝဲ/ယာရှိ ကျေးရွာနေပြည်သူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေး ဟောပြော၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

■

## ၅၀ ကျပ်နှင့် ၁၀၀ ကျပ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှရုပ်စဲကြောင်း ထုတ်ပြန်ချက်များသည် မဟုတ်မမှန်သော သတင်းမှားများသာဖြစ်

### သတင်းထုတ်ပြန်ချက်

လူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက် Website များတွင် ဖြန့်ဝေနေသော ၅၀ ကျပ် (ငါးဆယ်ကျပ်)နှင့် ၁၀၀ ကျပ် (တစ်ရာကျပ်)တန် ငွေစက္ကူများကို ရုပ်သိမ်းကြောင်း၊ တရားဝင်ငွေအဖြစ်မှ ရုပ်စဲကြောင်း ထုတ်ပြန်ချက်များသည် မဟုတ်မမှန်သော သတင်းမှားများသာ ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆ (င)အရ "နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု"ဟု အတိအလင်းဖော်ပြထားပြီးဖြစ်ပါသည်။ ဤကဲ့သို့ အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေရန် သတင်းမှားများ ဖြန့်ဝေသူများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်ဟန့်တားသောပြစ်ဒဏ်များချမှတ်နိုင်ရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၃၀-၉-၂၀၂၃)

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## မြန်မာငွေငါးဆယ်ကျပ်တန်နှင့် တစ်ရာကျပ်တန်ငွေစက္ကူများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်

**နေပြည်တော် စက်တင်ဘာ ၃၀**

လတ်တလော လူမှုကွန်ရက်စာမျက်နှာများတွင် မြန်မာငွေငါးဆယ်ကျပ်တန်နှင့် တစ်ရာကျပ်တန်ငွေစက္ကူများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ လာရောက်အပ်နှံကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမည်ဖြင့် အမိန့်စာတစ်စောင်ထုတ်ပြန်ထားကြောင်း ပျံ့နှံ့လျက်ရှိရာ အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ မြန်မာငွေငါးဆယ်ကျပ်တန်နှင့် တစ်ရာကျပ်တန်ငွေစက္ကူများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယခုလိုပြန်လည်ပြောကြားပါသည်။




ကျွန်တော်တို့လည်း ဒီစာကိုတွေ့ရတယ်။ နံပါတ်(၁)အချက်ပြောလိုတာက ဒီစာများသည် မမှန်ပါဘူး။ အတုများဖြစ်ပါတယ်။ ဒီကိစ္စရပ်နဲ့ ပတ်သက်ပြီးတော့ ခဏခဏ ကောလာဟလ ထွက်ဖူးပါတယ်။ ဘယ်ငွေစက္ကူကို ဖျက်သိမ်းလိုက်ပြီတို့၊ ဘယ်လိုမျိုးလုပ်လိုက်ပြီတို့ ဒါအချိန်ကိုက်လုပ်ဆောင်တာပဲဖြစ်တယ်။ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေထဲမှာ ပြဋ္ဌာန်းပြီးသား၊ ကျွန်တော်တို့လည်း ပြောပြီးသား ဖြစ်တယ်။ ကျွန်တော်တို့သည် နိုင်ငံတော်တာဝန်ကို ရယူထားတာ၊ တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူထားတာသည် အခြေခံဥပဒေအရ ရယူထားတာဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ကို တပ်မတော်အနေနဲ့ အမြဲတမ်း လေးစားလိုက်နာသွားမှာဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပုဒ်မ ၃၆ တွင် အတိအလင်းပါပြီးဖြစ်တယ်။ ပုဒ်မ ၃၆ (ဃ)နဲ့(င)မှာ ပါပြီးဖြစ်တယ်။ ပုဒ်မ ၃၆ (င)မှာ တရားဝင်ထုတ်ဝေထားသောငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုလို့ အတိအလင်းပြဋ္ဌာန်းပြီးဖြစ်တယ်။ (ဃ)မှာလည်း စီးပွားရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံပိုင်အဖြစ် သိမ်းယူခြင်းမပြုလို့ အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်တယ်။ ဒီအခြေခံဥပဒေအတိုင်း ကျွန်တော်တို့က လိုက်နာသွားမှာဖြစ်တယ်။ ကျွန်တော်တို့သည် အခြေခံဥပဒေနဲ့အညီ နိုင်ငံတော်တာဝန်ရယူထားတာဖြစ်တယ်။ အခြေခံဥပဒေကို အမြဲတမ်းလိုက်နာသွားမှာဖြစ်တယ် ဆိုတာကို ပထမဦးဆုံး အသိပေးလိုပါတယ်။ နောက်တစ်ချက်က ဘာကြောင့် ဒီလိုမျိုး ကောလာဟလတွေဖြစ်လဲ။ ဒါတော့ရှင်းရှင်းလေးပါ။ ဒီမြန်မာနိုင်ငံရဲ့ စီးပွားရေးနဲ့ပတ်သက်ပြီးရင် စီးပွားရေးအရ ထိုးနှက်ချက်တွေရှိတယ်။ ဒေါ်လာငွေဈေး၊ ရွှေဈေးတွေနဲ့ပတ်သက်ပြီးတော့ ဖြစ်သင့်တဲ့ဈေးနှုန်းထက်မြင့်အောင် လုပ်နေကြတာရှိတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အစိုးရအနေနဲ့ အရေးယူဆောင်ရွက်မှုတွေရှိတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့က ပြည်သူလူထုရဲ့ စားဝတ်နေရေး၊ ပြည်သူလူထုရဲ့ သက်သာချောင်ချိရေး၊ ပြည်သူလူထုရဲ့ အခြေခံလိုအပ်ချက်တွေ ဖြည့်ဆည်းရေး အမြဲတမ်းဆောင်ရွက်တာ၊ အမျိုးသားရေးရည်မှန်းချက်အနေနဲ့ ထားရှိပြီးတော့ ဒါကိုဆောင်ရွက်လျက်ရှိတယ်။ တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေး ဒီအတွက် ဆောင်ရွက်တဲ့နေရာမှာ သင့်တင့်တဲ့ကုန်ဈေးနှုန်း၊ ဖြစ်သင့်တဲ့ကုန်ဈေးနှုန်းတွေ ဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိတယ်။ အဲ့ဒီလိုလုပ်တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ တချို့သော အရေးယူဆောင်ရွက်ရမှုတွေရှိတယ်။ အရေးယူဆောင်ရွက်ပြီးတဲ့နောက်ပိုင်းမှာ အားလုံးမြင်တဲ့အတိုင်းပဲ ဒေါ်လာဈေး၊ ရွှေဈေး၊ ပြီးရင် အခြေခံစားကုန်ဈေးတွေ ကျဆင်းလာတယ်။ ဒီအပေါ်မှာ မကျေနပ်တဲ့သူတွေလည်း ရှိတယ်။ ဒီမကျေနပ်တဲ့လူတွေက စီးပွားရေးအရ ထိုးနှက်ဖို့၊ နိုင်ငံရေးအရထိုးနှက်ဖို့ကို အချိန်ကိုက်လုပ်ဆောင်တာပဲဖြစ်တယ်။ ဒါကြောင့်မလို့ ကျွန်တော့်အနေနဲ့ ပြောချင်တာက ငါးဆယ်တန်၊ တစ်ရာတန် ဒီငွေကြေးတွေနဲ့ပတ်သက်ပြီး နိုင်ငံတော်အနေနဲ့ဖျက်သိမ်းဖို့ မရှိပါဘူး။ အခြေခံဥပဒေပုဒ်မ ၃၆ မှာပါတဲ့ နိုင်ငံတော်ရဲ့ တရားဝင်ငွေကြေးတွေကို တရားမဝင်အဖြစ် သတ်မှတ်ခြင်းမပြုဟု ဆိုတဲ့အတိုင်း ဆောင်ရွက်လျက်ရှိတယ်။ ကောလာဟလတွေပဲ ဖြစ်ပါတယ်။ မိဘပြည်သူများအနေနဲ့ အားလုံး ဒီကောလာဟလသတင်းတွေနဲ့ ပတ်သက်ပြီး မယုံကြည်ကြဖို့၊ ပြီးရင် နိုင်ငံတော်အနေနဲ့ ပြည်သူလူထုနဲ့သက်ဆိုင်တဲ့ မည်သည့်လုပ်ငန်းကိုပဲ လုပ်သည်ဖြစ်စေ ပြည်သူလူထုကို ကြိုတင်အသိပေးပြီးမှ ကျွန်တော်တို့ ဆောင်ရွက်မှာဖြစ်ပါတယ်။ အခြေခံဥပဒေအတိုင်း လိုက်နာလျက်ရှိပါတယ် ဆိုတာကို ပြောချင်ပါတယ်။



နေပြည်တော် ဇေယျာသီရိမြို့နယ် မီးသတ်စခန်း၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း (၁/၂၀၂၃) ကို စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက ကျင်းပရာ ဥတ္တရခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်အောင်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားစဉ်။

ငွေကြယ်

## ရန်ကုန်တိုင်းဒေသကြီး၌ ဥပဒေရေးရာ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအား ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းဥပဒေအရာရှိ ဦးမောင်မောင်တာ၊ ခရိုင်ဥပဒေရုံးများနှင့် မြို့နယ်ဥပဒေရုံးများတွင် တာဝန် ထမ်းဆောင်လျက်ရှိကြသော ဥပဒေအရာရှိ ၁၃၂ ဦးတို့ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တိုင်းဥပဒေအရာရှိ ဦးမောင်မောင်တာက ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦးတို့၏ လမ်းညွှန် မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းခဲ့ကြောင်း သိရသည်။



အောင်မြင့်(ပြန်/ဆက်)

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်**

**အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့**

**INTERNATIONAL DAY OF OLDER PERSONS**

**" သက်ကြီးသူများဘဝ သာယာဖို့ သက်ရွယ်စုံညီပါဝင်လို့ ဝိုင်းဝန်းဖြည့်ဆည်းကြပါစို့ "**

**" Fulfilling the Promises of the Universal Declaration of Human Rights for Older Persons: Across Generations "**

**၁.၁၀.၂၀၂၃** **နေပြည်တော်**

၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2023)

**"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့၊ မညီမျှမှုတွေ တိုက်ဖျက်စို့"**

**"Fighting Inequality for A Resilient Future"**

**အောက်တိုဘာလ (၁၈) ရက်**

# ရန်ကုန်တိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

ရန်ကုန် တိုင်းဒေသကြီး သက်ကြီး ရွယ်အိုများဆိုင်ရာ ကော်မတီက ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ သက်ကြီး ရွယ်အိုများနေ့ အထိမ်းအမှတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဘိုးဘွားများနေ့ ပိုင်းစောင့်ရှောက်ရေး ဂေဟာမှ ဘိုးဘွားများနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြ သူများက ဘိုးဘွားများနေ့ပိုင်း စောင့်ရှောက်ရေးဂေဟာမှ ဘိုးဘွား များ၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက် မှုများကို ကြည့်ရှုအားပေးကြပြီး ဘိုးဘွားများအား ပစ္စည်းများနှင့် အလှူငွေများဖြင့် ကန်တော့ကြ သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန် ရှိသူများက ဖျော်ဖြေတင်ဆက်ခဲ့ ကြသည့် ဘိုးဘွားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ဘိုးဘွားများကိုယ်စား အဘိုး တစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီး ချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ က တက်ရောက်လာကြသည့် ဘိုးဘွားများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့သည်။ ယင်းနောက် ခန်းမအတွင်း၌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနက ဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေ



မှုနှင့် ဘိုးဘွားများ၏ ပန်းချီ လက်ရာမွန်ပြခန်းနှင့် လက်မှု အနုပညာ လက်ရာမွန်ပြခန်းတို့ အား လှည့်လည်ကြည့်ရှုအားပေး ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှု လက်မှတ်ရ သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၃၀**

စက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်း မိတ္ထီလာမြို့ လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှု လက်မှတ်ရသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မိတ္ထီလာမြို့ စက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းခန်းမ ဆောင်၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ သင်တန်းသား ၄၀ တက်ရောက်ကြ သည်။



**လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး**

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ယနေ့ သင်တန်းဆင်းပွဲအခမ်းအနားတွင် ကျွမ်းကျင်မှု လက်မှတ်ပေးအပ်ချီးမြှင့်ခြင်းခံရသည့် ဒေသအသီး သီးမှ သင်တန်းသားများသည် နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလို ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ သည် သင်တန်းပြီးမြောက်ခြင်း လက်မှတ်များနှင့် ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်၍ စက်ကိရိယာ ပြင်ဆင်ရေးအလုပ်ရုံနှင့် လယ်ယာသုံး စက်ကိရိယာ များအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယနေ့ သင်တန်းဆင်းသည့် လယ်ယာသုံး စက်ကိရိယာ ကျွမ်းကျင်မှုလက်မှတ်ရ သင်တန်းသည် ကာလရှည်တစ်နှစ်သင်တန်းဖြစ်ပြီး လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုပညာရပ်များ သာမက စက်ပြင်ဆင်မှုပညာရပ်များကိုပါ တစ်ပြိုင် တည်း ကျွမ်းကျင်တတ်မြောက်သည်အထိ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပို့ချပေးခဲ့သည့် သင်တန်းဖြစ်ပြီး အဓိကဘာသာရပ်ရှစ်မျိုးဖြစ်သည့် ထွန်စက်ကြီးနှင့် တွဲဖက်ကိရိယာအမျိုးမျိုး မောင်းနှင်ထိန်းသိမ်းနည်းနှင့် ပြင်ဆင်ရေးဘာသာရပ်၊ လက်တွန်းထွန်စက် မောင်းနှင်ထိန်းသိမ်းနည်းနှင့် ပြင်ဆင်ရေးဘာသာရပ်၊ ကောက်စိုက်စက်မောင်းနှင် ထိန်းသိမ်းနည်းနှင့် ပြင်ဆင်ရေးဘာသာရပ်၊ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းနည်းနှင့် ပြင်ဆင်ရေးဘာသာရပ်များအပြင် အထောက်အကူပြု ဘာသာရပ်များဖြစ်သည့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ အလုပ်ရုံသုံးကိရိယာများ၊ အခြေခံ လျှပ်စစ်ပြုပြင် ထိန်းသိမ်းနည်းနှင့် LIFE SKILLS & (Sort, Set in Order, Shine, Standardize and Sustain) ဆိုသည့် 5S Methodology သင်ကြားပို့ချ ပေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ သည် မိတ္ထီလာမြို့ မုန်တိုင်ကျေးရွာအနီးရှိ မုန်တိုင် ရေလှောင်တမံ၏ ရေဝင်ရောက်မှု၊ ရေပေးမြောင်း၊ ရေပိုလွှဲနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ကျွဲရှင်းကျေးရွာအနီးရှိ ငလိုက်ရေ လှောင်တမံရေဝင်ရောက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ကော့မှူးမြို့နယ်၌ အယ်လ်နီညိုရာသီဥတုကြောင့် မွေးမြူရေးကဏ္ဍအပေါ်သက်ရောက်နိုင်မှု အသိပညာပေး ဟောပြော



**ကော့မှူး စက်တင်ဘာ ၃၀**

အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်မှုကြောင့် မွေးမြူရေးကဏ္ဍများ အပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်နိုင်ရေးအသိပညာ ပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကော့မှူးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးနိုင်က အယ်လ်နီညိုကျရောက်မှု ကြောင့် မွေးမြူရေးလုပ်ငန်းသက်ရောက်မှုအဖြစ် တိရစ္ဆာန်အစာရှား ပါးလာခြင်း၊ မျိုးပွားထုတ်လုပ်မှုကျဆင်းလာနိုင်ခြင်းနှင့် အစာမှအသား ပြောင်းနှုန်းညံ့ဖျင်းလာခြင်း၊ ကူးစက်ရောဂါများ အဆိပ်အတောက် ဖြစ်ပွားမှုများ မကြာခဏဖြစ်ပွားခြင်း၊ အသက်ဆုံးရှုံးမှုကြုံရခြင်းများ အတွက် မွေးမြူသူများဆုံးရှုံးမှုနည်းအောင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများအား ဟောပြောခဲ့ကြောင်း သိရသည်။ **သူရ(ပြန်/ဆက်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် ( ၁၀/၂၀၂၃)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ပေါ်ပေါက်လာခြင်းသည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၅ (၁) အရ အသက်အရွယ်အိုမင်းပြီး မိမိမတတ်စွမ်းနိုင်သော အခြေအနေများကြောင့် အသက်မွေးဝမ်းကျောင်းမပြုနိုင်ခြင်းတို့ ဖြစ်ပေါ်ခဲ့လျှင် ဘဝလုံခြုံမှု ရပိုင်ခွင့် ရှိရမည်ဖြစ်ပါ၍ အသက် ၆၀ နှစ်အထက်ကို သက်ကြီးရွယ်အိုဟု ကုလသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က သတ်မှတ်ပြီး ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် (၄၅/၁၀၆) ဖြင့် အောက်တိုဘာ ၁ ရက်ကို အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ (International Day of Older Persons) ဟု အတည်ပြုသတ်မှတ်ခဲ့ပါသည်။ ၁၉၉၉ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ် (International Year of Older Persons – IYOP)" ဟု ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် (၄၇/၅) ဖြင့် သတ်မှတ်ခဲ့ပြီး ကုလသမဂ္ဂက နှစ်စဉ် သက်ကြီးရွယ်အိုများအတွက် ဦးတည်ချက်ဆောင်ပုဒ်များ သတ်မှတ်ပေးလေ့ရှိရာ ယခုနှစ်ဆောင်ပုဒ်မှာ "Fulfilling the Promises of the Universal Declaration of Human Rights for Older Persons: Across Generations" (သက်ကြီးသူများဘဝသာယာဖို့ သက်ရွယ်စုံညီပါဝင်လို့ ဝိုင်းဝန်းဖြည့်ဆည်းကြပါစို့) ဖြစ်ပါသည်။

သက်ကြီးရွယ်အိုများ၏ ဘဝလုံခြုံမှု ရပိုင်ခွင့်များရရှိစေရန် ကုလသမဂ္ဂအထွေထွေညီလာခံက (၄၆/၉၁) ဖြင့် ချမှတ်ခဲ့သော အခြေခံမူများမှာ သက်ကြီးရွယ်အိုများသည် စားဝတ်နေရေးနှင့် ရုပ်ပိုင်းနှင့်စိတ်ပိုင်း ကျန်းမာရေးစောင့်ရှောက်မှုများရရှိခွင့်၊ အခြားဝင်ငွေရှာဖွေနိုင်သည့် အခွင့်အလမ်းများရရှိခွင့်၊ အသင်းအဖွဲ့များတွင် ပါဝင်ဖွဲ့စည်းဆောင်ရွက်ခွင့်၊ ရေရှည်ဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့အဖွဲ့အစည်း၏ ပညာရေး၊ ယဉ်ကျေးမှုနှင့် အပန်းဖြေမှုဆိုင်ရာ အရင်းအမြစ်များ ရရှိသုံးစွဲခွင့်၊ လူ့ဂုဏ်သိက္ခာနှင့် လေးစားထိုက်သူများဖြစ်စေခွင့် စသည့်အခွင့်အရေးများ ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်က အိုမင်းမစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု နိုင်ငံတော်၏အခြေခံမူတွင် ဖော်ပြထားသည့်အပြင် သက်ကြီးရွယ်အိုအသက်အား ၆၀ နှစ်အထက် ဟု သတ်မှတ်ပြီး အခွင့်အရေးများကိုလည်း သက်ကြီးရွယ်အိုဆိုင်ရာဥပဒေ၌ ဖော်ပြထားပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၁၆ ခုနှစ်တွင် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (South East Asia National Human Rights Institutions Forum– SEANF) အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် သက်ကြီးရွယ်အိုများ၏အခွင့်အရေးနှင့်စပ်လျဉ်း၍ ဖိုရမ်၏ထုတ်ပြန်ချက်တစ်ရပ်ကို ဆောင်ရွက်ခဲ့ပါသည်။

သက်ကြီးရွယ်အို အရေအတွက် တိုးမြင့်လာသည်နှင့်အမျှ ၎င်းတို့၏ အခွင့်အရေးများကို မြှင့်တင်ကာကွယ်စောင့်ရှောက်ရန် လိုအပ်လာခြင်းကြောင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများ ပိုမိုသိရှိကျင့်သုံးလာနိုင်ရေးအတွက် သက်ကြီးရွယ်အိုများအား စောင့်ရှောက်ခြင်း (Caregiver) သင်တန်းများသို့ သက်ကြီးရွယ်အိုအခွင့်အရေးများ ဘာသာရပ် သင်ခန်းစာ သွားရောက်ပို့ချလျက်ရှိသည့်အပြင် ဘိုးဘွားရိပ်သာများသို့ သွားရောက်၍ ဘိုးဘွားများ၏ အခြေခံလူ့အခွင့်အရေးများ ရရှိခြင်းရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးလျက် ရှိပါသည်။

အသက်အရွယ်ကြီးရင့်မှုကြောင့် ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ ချန်လှပ်ခြင်းနှင့် အခြားသောလူ့အခွင့်အရေးချိုးဖောက်မှုများ ကင်းဝေးပြီး အသက်ရှည်ရှည်နေရုံမျှမက ကျန်းမာပျော်ရွှင်သော ဘဝကို ပိုင်ဆိုင်ကြစေရန် အနာဂတ်မျိုးဆက်သစ်လူငယ်များက သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို မြှင့်တင်ကာကွယ်ပေးခြင်းသည် အသက်ကြီးရင့်မှုကို အလေးထားသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကလည်း သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို မြှင့်တင်ကာကွယ်ရေး ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့တွင် သတင်းထုတ်ပြန်ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်**

## ရှမ်းပြည်နယ်၏ ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်၏ ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၉ ရက် ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ တောင်ကြီးတက္ကသိုလ်ဘက်စုံခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် ပြည်နယ်အဆင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်ကြီးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲအကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တောင်ကြီးတက္ကသိုလ်၊ ရှမ်းပြည်နယ် ပညာရေးရန်ပုံငွေနှင့် ပြိုင်ပွဲအကဲဖြတ်ပညာရှင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## တတိယအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်း

**ဘားအံ စက်တင်ဘာ ၃၀**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၏ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားတွင် ကရင်ပြည်နယ် ဥပဒေချုပ်ဦးရဲလွင်က ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်များ၊ ဒုတိယရှေ့နေချုပ်၏လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ပြည်နယ်ဥပဒေအရာရှိ ဦးတင်မြင့်ဦးက ညွှန်ကြားရေးမှူးချုပ်များ၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေး မှာကြားသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ ကရင်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိ ၃၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရန်ကုန်တောင်ပိုင်းခရိုင် G. E. C နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး သန်လျင်၌ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန် တောင်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့တွင် အဆိုပါ သမဝါယမအသင်းလီမိတက်ရုံးရှိရာ သန်လျင်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် သဘာပတိ ဒါရိုက်တာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော်က နှစ်ပတ်လည်အစည်းအဝေးနှင့် (၂၅) ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပေးရခြင်းတို့အား ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က သမဝါယမလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုရရှိကြသော အသင်းသားများ၏ သား/ သမီး ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့အား သဘာပတိ ဒါရိုက်တာအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# နိုင်ငံတကာအဆင့် မြန်မာ့တပ်မတော်ဆေးပညာနီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲ၏ ဝမ်းမြောက်ဂုဏ်ယူဖွယ်စကားသံများ

အကြိမ်(၃၀)မြောက် တပ်မတော်ဆေးပညာနီးနှောဖလှယ်ပွဲကြီးကို ပြည်တွင်း၊ ပြည်ပမှဆေးပညာရှင်များ၊ ပါရဂူများဖြင့် ပြင်ဦးလွင်မြို့ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၇၀၀)တွင် အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါကွန်ဖရင့်အကြို အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ် သက်မဲ့ခန္ဓာအသုံးပြု ခွဲစိတ်လေ့ကျင့်ရေးခန်းမဆောင်တွင် စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ပြည်တွင်း၊ ပြည်ပမှ အရိုးရောဂါဆိုင်ရာ ပါမောက္ခများ၊ စစ်ဘက်နှင့် အရပ်ဘက် အရိုးအထူးကုဆရာဝန်များ၊ အိန္ဒိယနိုင်ငံမှ ထင်ရှားကျော်ကြားသော လက်ပိုင်းဆိုင်ရာ ခွဲစိတ်အထူးကု ဆရာဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်တို့မှ ပါမောက္ခများနှင့် ဘွဲ့လွန်ကျောင်းသားများ တက်ရောက်ခဲ့ကြပြီး သက်မဲ့ခန္ဓာကို အသုံးပြု၍ လက်တွေ့လေ့ကျင့်သင်ကြား ဆွေးနွေးခွင့်ရရှိခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲမှ ဝမ်းမြောက်ဂုဏ်ယူဖွယ်စကားသံတို့ကို ဖော်ပြလိုက်ပါသည်။



အကြိမ်(၃၀)မြောက် တပ်မတော်ဆေးပညာနီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်တွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ်၌ ကျင်းပစဉ်။



ဗိုလ်မှူးချုပ်ခင်အောင်ထွန်း



ဒေါက်တာမိုဟစ်ရှာမား




ဒေါက်တာရဲလင်းနိုင်

**ဗိုလ်မှူးချုပ်ခင်အောင်ထွန်း (တပ်မတော် ဆေးတက္ကသိုလ် ပါမောက္ခချုပ်)**

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ရဲ့ အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆိုင်ရာ ဆေးပညာနီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်နဲ့ ၂၇ ရက်တို့မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ မြန်မာ့တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေနဲ့ ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကို ကျင်းပခဲ့တာ အကြိမ် (၃၀)ရှိပါပြီ။ ဒီနှစ် အကြိမ်(၃၀)မြောက် ကွန်ဖရင့်က ထူးခြားပါတယ်။ အရင်က ရန်ကုန်မြို့မှာပဲ ကျင်းပခဲ့ပြီးတော့ ဒီနှစ် ပြင်ဦးလွင်မြို့မှာ ကျင်းပသွားမှာပါ။ ပြင်ဦးလွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၇၀၀)ဟာ နှစ်(၁၀၀) ပြည့်ခဲ့ပြီး ဆေးရုံကြီးအနေနဲ့ တပ်မတော်နဲ့တိုင်းပြည်အကျိုးကို ထမ်းဆောင်ခဲ့တာ နှစ်ပေါင်း (၁၀၀) ပြည့်မှုကို ဂုဏ်ပြုတဲ့အနေနဲ့ ဆေးပညာနီးနှောဖလှယ်ပွဲကြီးကို ပြင်ဦးလွင်မြို့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီနှစ်ညီလာခံမှာ အလုပ်ရုံဆွေးနွေးပွဲနှစ်ခုပြုလုပ်ဖို့ စီစဉ်ဆောင်ရွက် ထားပါတယ်။ ကျင်းပပြုလုပ်ခဲ့တဲ့ Flap Surgery in Combat Medical Care ဆိုတဲ့ အလုပ်ရုံဆွေးနွေးပွဲက ညီလာခံအကြို အလုပ်ရုံဆွေးနွေးပွဲတစ်ခုဖြစ်ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲကို တပ်မတော်ဆေးတက္ကသိုလ် အရိုးရောဂါပညာဌာနက ဦးစီးဆောင်ရွက်တာဖြစ်ပါတယ်။

Flap Surgery in Combat Medical Care ဆိုတာက စစ်မြေပြင်ဒဏ်ရာ(သို့မဟုတ်) အခြားသောထိခိုက်မှုကြောင့် ရရှိတဲ့ ဒဏ်ရာတွေမှာ ဒဏ်ရာပြန်လည်ပိတ်ဖို့မလွယ်ကူတဲ့ ကိစ္စတွေမှာ အခြားတစ်နေရာက အသားအစားထိုးပြီး ခွဲစိတ်ကုသတဲ့နည်းလမ်းမျိုးစုံကို လက်တွေ့လေ့လာဆွေးနွေးကြတဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုဖြစ်ပါတယ်။ ဒီအစီအစဉ်ကို အောင်မြင်ဖို့ အရိုးရောဂါပညာဌာနနဲ့ တပ်မတော်ဆေးတက္ကသိုလ်တို့ ကြိုးစားဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲက ခွဲစိတ်မှုပိုင်းဆိုင်ရာ လေ့ကျင့်မှုမှာဆိုရင် တပ်မတော်ဆေးတက္ကသိုလ်မှာ လာရောက်လှူဒါန်းထားတဲ့ သက်မဲ့ဆရာ (Silent Mentor )လို့ အမည်ပေးထားတဲ့ သက်မဲ့ခန္ဓာနဲ့ ခွဲစိတ်လေ့ကျင့်တာပါ။ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ အရေးအကြီးဆုံးဟာ သက်မဲ့ဆရာများဖြစ်ပါတယ်။ ကြည်ဖြူစွာနဲ့ လေ့ကျင့်သင်ယူခွင့်ရအောင် ခန္ဓာကိုယ် လှူဒါန်းခဲ့တဲ့အတွက် သက်မဲ့ဆရာများအဖြစ် ဂုဏ်ပြုခေါ်ဝေါ်ထားပါတယ်။

အထူးသဖြင့် သက်မဲ့ခန္ဓာကိုယ်အသုံးပြုတဲ့ အလုပ်ရုံဆွေးနွေးပွဲများကို ဆောင်ရွက်ရာမှာ ခက်ခဲပါတယ်။ ဒီလိုအခက်အခဲတွေကြားက တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့အနေနဲ့ နောင်အနာဂတ်မှာ ပါရဂူဖြစ်လာမယ့် ပါရဂူလောင်းများအတွက် လေ့ကျင့်သင်ကြားပေးဖို့ လိုအပ်နေတာကြောင့် မဖြစ်မနေဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒီနှစ်မှာ အိန္ဒိယနိုင်ငံက လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုပါရဂူတစ်ဦးကို ဖိတ်ခေါ်ပြီး ခွဲစိတ်မှုပိုင်းဆိုင်ရာမှာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့တာကြောင့် အလုပ်ရုံဆွေးနွေးပွဲဟာ မြန်မာ့တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့အနေနဲ့ အရိုးရောဂါပညာ အစားထိုးခွဲစိတ်ကုသမှုနယ်ပယ်မှာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ဂုဏ်ကို ဆောင်နိုင်ခဲ့တယ်လို့ ပြောရမှာပါ။

**ဒေါက်တာမိုဟစ်ရှာမား (အိန္ဒိယနိုင်ငံ ဒေလီမြို့လက်ပိုင်းဆိုင်ရာ ခွဲစိတ်အထူးကု ဆရာဝန်ကြီး)**

ကျွန်တော်က အိန္ဒိယနိုင်ငံ ဒေလီမြို့ လက်ပိုင်းဆိုင်ရာနဲ့ ပြုပြင်အစားထိုးမှုဆိုင်ရာ ပါမောက္ခ/ဌာနမှူး ဒေါက်တာမိုဟစ်ရှာမား ဖြစ်ပါတယ်။ တပ်မတော်ဆေးတက္ကသိုလ် အရိုးရောဂါပညာဌာနက ဒုတိယဗိုလ်မှူးကြီး ဟိန်းလတ်ဝင်း ဖိတ်ကြားမှုနဲ့ အကြိမ်(၃၀)မြောက် ဆေးပညာနီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲမှာတက်ရောက်ခဲ့တာဖြစ်ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာ စစ်ဘက်နဲ့ အရပ်ဘက်ဆိုင်ရာ လူငယ်ဆရာဝန်တွေကို ပြုပြင်အစားထိုးခွဲစိတ်ပညာနဲ့သက်ဆိုင်တဲ့ ခွဲစိတ်ပညာရပ်တွေကို Silent Mentor လို့ခေါ်တဲ့ သက်မဲ့ခန္ဓာကိုယ်အသုံးပြုပြီး လေ့ကျင့်သင်ကြားမှုကို လာရောက်ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ဒီလိုမျိုးအလုပ်ရုံဆွေးနွေးပွဲတွေဟာ ခက်ခက်ခဲခဲ ဆောင်ရွက်ရလေ့ရှိပါတယ်။ ယေဘုယျအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှာပဲ ဆောင်ရွက်နိုင်ကြတာပါ။ တပ်မတော်ဆေးတက္ကသိုလ် အရိုးရောဂါ ပညာဌာနအနေနဲ့ စစ်ဘက်၊ အရပ်ဘက်နဲ့ ပြည်တွင်း၊ ပြည်ပက ဆေးပညာရှင်တွေကို စုစည်းပြီး ဒုတိယအကြိမ် နိုင်ငံတကာအဆင့် အောင်မြင်စွာကျင်းပနိုင်ခြင်းဟာ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ရဲ့ သမိုင်းမှာ မှတ်ကျောက်တင်နိုင်ခဲ့ပါပြီ။ ဒီလိုအရိုးရောဂါနယ်ပယ်က ဆေးပညာရှင်များရဲ့ စုပေါင်းစွမ်းအားနဲ့ နိုင်ငံတကာအဆင့်မီ ဂုဏ်သိက္ခာမြင့်မားတဲ့ ပထမဆုံးသော သက်မဲ့ခန္ဓာကိုယ်အသုံးပြုတဲ့ လက်တွေ့လေ့ကျင့်သင်ကြားပေးတဲ့ အလုပ်ရုံဆွေးနွေးပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့တဲ့အတွက် ကျွန်တော့်အနေနဲ့ ဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာရဲလင်းနိုင် (ဆေးတက္ကသိုလ်(၁) ဆေးလက်တွေ့ပါရဂူ ဘွဲ့လွန်သင်တန်းသား)**

အခုလိုအလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်နိုင်ခဲ့တဲ့ အတွက် တပ်မတော်အရိုးရောဂါ ပညာဌာနက ပါမောက္ခ/ဌာနမှူးနဲ့ တာဝန်ရှိသူအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ဆေးပညာနီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲမှာ နိုင်ငံခြားက လာရောက် သင်ကြားပေးတဲ့ ဆရာဝန်တွေအပြင် ဆေးတက္ကသိုလ်(၁)(၂)က ပါမောက္ခ လက်ခွဲစိတ် ဆရာဝန်ကြီးများ၊ တပ်မတော် ဆေးတက္ကသိုလ်က လက်ခွဲစိတ်ပါရဂူများလမ်းညွှန်မှုနဲ့ ကျွန်တော်တို့ကိုယ်တိုင်လူနာကို ခွဲစိတ်နေရသလို သက်မဲ့ခန္ဓာကိုယ်အသုံးပြုပြီး လက်တွေ့လေ့ကျင့်ခွဲစိတ်ရတဲ့အတွက် စာတွေ့၊ လက်တွေ့ပိုင်းဆိုင်ရာမှာ အကျိုးကျေးဇူးရရှိပါတယ်။ ဒီလိုအလုပ်ရုံဆွေးနွေးပွဲ ဖြစ်မြောက်ဖို့ဆိုရင် အဘက်ဘက်က လိုအပ်ချက်ကို ဖြည့်စွမ်းနိုင်မှသာအောင်မြင်တာပါ။

အထူးသဖြင့် သင်ထောက်ကူပစ္စည်းများနဲ့ ရုပ်ဝတ္ထုလိုအပ်လေ့ရှိတာကြောင့် ကျွန်တော်တို့လိုပါရဂူဘွဲ့လွန် သင်တန်းသားတွေအတွက် အင်မတန်လိုအပ်တဲ့ သင်တန်းတစ်ခုလည်း ဖြစ်ပါတယ်။ နိုင်ငံခြားက သင်တန်းဆရာ၊ ပြည်တွင်းက ခွဲစိတ်ပါရဂူကြီးတွေလည်း ပါဝင်တဲ့အတွက် နိုင်ငံတကာအဆင့်မီသင်တန်းလို့ ပြောရမှာပါ။ စာတွေ့၊ လက်တွေ့နဲ့ အပြန်အလှန် ဆွေးနွေးနိုင်တဲ့အပြင် ဗီဒီယိုဖိုင်နဲ့ အသေးစိတ် သင်ကြားပေးတဲ့အတွက် ဆေးပညာပိုင်းဆိုင်ရာမှာ အကျိုးဖြစ်ထွန်းစေတဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုဖြစ်ပါတယ်။ အခုလို တက်ရောက်သင်ကြားနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးတဲ့ တပ်မတော်ဆေးတက္ကသိုလ် အရိုးရောဂါပညာဌာနက ပါမောက္ခ/ဌာနမှူးနဲ့ သင်ကြားပေးတဲ့ ပြည်တွင်း၊ ပြည်ပက ပါမောက္ခ/ ဌာနမှူးများ၊ လုပ်ဖော်ကိုင်ဖက်များအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ ယခုလို သင်ကြား လေ့ကျင့်ခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါတယ်။

**တွေ့ဆုံမေးမြန်း – သစ္စာ (MNA)**
**ဓာတ်ပုံ – ဇွဲမာန်**

---

# ချောင်းဦးမြို့နယ်၌ မိုးစပါး ဧက ၁၆၀၃၀ စိုက်ပျိုးပြီးစီး

ချောင်းဦး စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ မိုးစပါးကို ၁၇၆၄၃ ဧက စိုက်ပျိုး ရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ ဧက ၁၆၀၃၀ စိုက်ပျိုးပြီးစီးနေပြီး စိုက်ပျိုးထားသော မိုးစပါးများအား အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးခြင်း၊ စိုက်နည်းစနစ် မှန်ကန်ရေးအတွက် ပျိုးထောင်နည်းများပညာပေးခြင်း၊ ဘက်စုံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးနည်းစနစ်များ၊ မျိုးစေ့ထုတ်နည်းပညာများ ပညာပေး၍ တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ယူရီးယားမြေဩဇာများကို စျေးနှုန်းချိုသာစွာ ရောင်းချပေးကာ မြေဩဇာကို အကျိုးရှိရှိ အလေအလွင့်နည်းအောင် သုံးစွဲနည်းများ လက်တွေ့ပြသဆောင်ရွက်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေးမြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးထံမှ သိရသည်။ **ဝင်းမြင့်အောင်(ပြန်/ဆက်)**


# ပင်လယ်ကမ်းရိုးတန်းနှင့်အပြာရောင်စီးပွားရေး

ကျော်မိုး (DMA)

**ပင်လယ်သမုဒ္ဒရာများနှင့် ကမ်းရိုးတန်းဒေသများသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ဂေဟစနစ်ကြီးဖြစ်ပြီး လူသားတို့အတွက် အဖိုးတန်လှသော သဘာဝအမွေအနှစ်ဖြစ်ပါသည်။ ကမ္ဘာမြေမျက်နှာပြင်ဧရိယာ၏ ၇၀ ရာခိုင်နှုန်းကျော်ကို ရေမျက်နှာပြင်ဖြင့် ဖုံးလွှမ်းထားသောကြောင့် ကမ္ဘာပေါ်ရှိလူသားများနှင့် သက်ရှိများအတွက် အလွန်အရေးပါလှပါသည်။ သန်းပေါင်းများစွာသော လူသားများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားရေရိက္ခာဖူလုံရေးအတွက်လည်း များစွာအထောက်အကူပြုလျက်ရှိပါသည်။**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပင်လယ်ကမ်းရိုးတန်း စီးပွားရေးသည် အဓိကကျသော အခန်းကဏ္ဍတွင်ပါဝင်ပါသည်။ ပင်လယ်ကမ်းရိုးတန်းစီးပွားရေးသည် အပြာရောင်စီးပွားရေး (Blue Economy)၏ အစပျိုးမှုပင်ဖြစ်သည်။ ပင်လယ်ကမ်းရိုးတန်းစီးပွားရေး၊ တစ်နည်းအားဖြင့် အပြာရောင်စီးပွားရေး (Blue Economy)ကို နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကမောင်းနှင်အားတစ်ခုအဖြစ် ရှုမြင်လာကြသည်။ ထို့ကြောင့် ယခုအခါ ပင်လယ်ကမ်းရိုးတန်းပိုင်ဆိုင်သော ကမ္ဘာ့နိုင်ငံအများစုသည် အပြာရောင်စီးပွားရေးကို အာရုံစိုက်၍ လုပ်ဆောင်လာကြသည်။

ကမ္ဘာလုံးဆိုင်ရာ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို ကြည့်မည်ဆိုလျှင် ပင်လယ်သမုဒ္ဒရာနှင့် ကမ်းရိုးတန်းအခြေပြုကဏ္ဍများဖြစ်သော ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ငါးဖမ်းလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ကမ်းလွန်စွမ်းအင်နှင့် အခြားလုပ်ငန်းများသည် ကမ္ဘာ့ GDP ၏ သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိရှိကြောင်း UNCTAD နှင့် OECD Report အခြားအရင်းအမြစ်များက ဖော်ပြထားသည်။ အာဆီယံတွင်လည်း အာဆီယံ GDP ၏ ၁၀ ရာခိုင်နှုန်းခန့်အထိရှိကြောင်းတွေ့ရှိရပါသည်။ ထိုမျှ တိုင်းပြည်တစ်ပြည်၏ GDP ကို များစွာအထောက်အကူပြုနေသည့်ကဏ္ဍဖြစ်ပါသည်။ သို့ဖြစ်၍ ပင်လယ်ကမ်းရိုးတန်းနှင့် အပြာရောင်စီးပွားရေးသည် နိုင်ငံ၏စီးပွားရေးတိုးတက်ရန်အတွက် မောင်းနှင်အားပင်ဖြစ်တော့သည်။




**နိုင်ငံတကာကုန်သွယ်မှု၏တံခါးပေါက်**

ကမ်းရိုးတန်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် များစွာအရေးကြီးပါသည်။ ကမ်းရိုးတန်းရှိ ဒေသခံပြည်သူလူထု၏ ဝင်ငွေရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပံ့ပိုးပေးရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ကမ်းရိုးတန်းဒေသသည် ပင်လယ်ရေကြောင်းမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်များသို့ ဝင်ရောက်နိုင်သောကြောင့် နိုင်ငံတကာကုန်သွယ်မှု၏ တံခါးပေါက်ဖြစ်သည်။ သို့ရာတွင် ကမ်းရိုးတန်းစီးပွားရေးမောင်းနှင်အားများသည် ကမ်းရိုးတန်းဒေသတစ်ခုစီ၏ သီးခြားတည်နေရာနှင့် လက္ခဏာများပေါ်မူတည်၍ ကွဲပြားကြပါသည်။ အလားအလာရှိသော ကမ်းရိုးတန်းစီးပွားရေးကဏ္ဍများအနေဖြင့် ငါးဖမ်းခြင်းနှင့် ငါးပုစွန်မွေးမြူရေးလုပ်ငန်း၊ ကမ်းရိုးတန်းခရီးသွားလုပ်ငန်း၊ ရေကြောင်းပို့ဆောင်ရေးနှင့်ကုန်သွယ်မှု၊ ဆိပ်ကမ်းများ၊ သင်္ဘောတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများပါဝင်သော ရေကြောင်းဝန်ဆောင်မှုလုပ်ငန်းများ၊ ရေနံသဘာဝဓာတ်ငွေ့အရင်းအမြစ်ရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများ၊ လေ၊ နေရောင်ခြည်နှင့် ဒီရေစွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ၊ ကမ်းရိုးတန်းစိုက်ပျိုးရေး၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုစသည့်ကိစ္စရပ်များပါဝင်ပါသည်။

> **နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပင်လယ်ကမ်းရိုးတန်းစီးပွားရေးသည် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ပင်လယ်ကမ်းရိုးတန်းစီးပွားရေးသည် အပြာရောင်စီးပွားရေး (Blue Economy)၏ အစပျိုးမှုပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရှည်လျားသော ကမ်းရိုးတန်းနှင့် ကျယ်ပြန့်သော ပင်လယ်ပြင်တို့ကို ပိုင်ဆိုင်ထားသောကြောင့် ပင်လယ်ကမ်းရိုးတန်းစီးပွားရေးနှင့် အပြာရောင်စီးပွားရေးတို့ကို ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေနိုင်**

သို့ရာတွင် အခွင့်အလမ်းနှင့် စိန်ခေါ်မှုတို့သည် အမြဲတမ်းဒွန်တွဲလျက်ရှိသည့်သဘောအရ ကမ်းရိုးတန်းစီးပွားရေး အလားအလာအခွင့်အလမ်းများတွင် စိန်ခေါ်မှုများကိုလည်း ယှဉ်တွဲတွေ့ရှိရပါသည်။ အဆိုပါစိန်ခေါ်မှုများမှာ အဏ္ဏဝါအရင်းအမြစ်များကို အလွန်အကျွံအသုံးချခြင်း၊ ရေရှည်မတည်တံ့နိုင်သော ငါးအလွန်အကျွံဖမ်းခြင်းများ၊ လူတို့၏ လုပ်ဆောင်မှုများနှင့် သဘာဝဖြစ်စဉ်အမျိုးမျိုးကြောင့် ကမ်းရိုးတန်းတစ်လျှောက် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီး၍ ကမ်းရိုးတန်းနေသတ္တဝါများ၏ နေထိုင်ကျက်စားရာများ ပျက်စီးခြင်း၊ ဆီနှင့်ပလတ်စတစ်အပါအဝင် ရေထုညစ်ညမ်းမှုများ၊ ကမ်းရိုးတန်းတိုက်စားမှုများ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် အုပ်ချုပ်မှုဆိုင်ရာ စိန်ခေါ်မှုများ၊ အဏ္ဏဝါအရင်းအမြစ် အသုံးပြုမှုအပေါ် ပဋိပက္ခများ၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုနှင့် ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကဲ့သို့သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကျိုးသက်ရောက်မှုများ စသည်တို့ဖြစ်ပါသည်။ သို့ဖြစ်၍ အဏ္ဏဝါအရင်းအမြစ်များအား ကာကွယ်ထိန်းသိမ်းလျက် ကမ်းရိုးတန်းလူမှုအသိုက်အဝန်း၏ သာယာဝပြောရေးကိုဖော်ဆောင်နိုင်မည့် မျှတပြီး ရေရှည်တည်တံ့သော ချဉ်းကပ်မှုကို ဖော်ဆောင်သင့်ပါသည်။ ထိုသို့ ဖော်ဆောင်ရာတွင် အဏ္ဏဝါသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ၊ လူမှုရေးဆိုင်ရာ အချက်အလက်များနှင့် စီးပွားရေးဆိုင်ရာအချက်အလက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

ရေရှည်တည်တံ့သော ကမ်းရိုးတန်းဖွံ့ဖြိုးတိုးတက်မှုဖြစ်ရန် အဏ္ဏဝါအရင်းအမြစ်များကို ကာကွယ်ခြင်းနှင့် ကမ်းရိုးတန်းလူမှုအသိုက်အဝန်းများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပံ့ပိုးပေးခြင်းဖြင့် မြှင့်တင်နိုင်ပါသည်။ ထိုသို့မြှင့်တင်ရာတွင် သက်ဆိုင်သူများ (Stakeholders) အားလုံးပါဝင်သော ကျယ်ပြန့်သည့်ချဉ်းကပ်မှုပုံစံ လိုအပ်ပါသည်။ အဆိုပါချဉ်းကပ်မှုအချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**(က) ဘက်ပေါင်းစုံပါဝင်သော ကမ်းခြေဇုန်စီမံခန့်ခွဲမှု**

ဘက်ပေါင်းစုံပါဝင်သော ကမ်းခြေဇုန်စီမံခန့်ခွဲမှု (Integrated Coastal Zone Management–ICZM) အစီအစဉ်များကို အကောင်အထည်ဖော်ခြင်းသည် ကမ်းရိုးတန်းဒေသများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီအောင် ကူညီပေးနိုင်ပါသည်။ ဘက်ပေါင်းစုံပါဝင်သော ကမ်းခြေဇုန်စီမံခန့်ခွဲမှုသည် သက်ဆိုင်သူအားလုံး၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားထားပါသည်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရေရှည်တည်တံ့ပြီး အားလုံးပါဝင်နိုင်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**(ခ) ဂေဟစနစ်အခြေပြုချဉ်းကပ်နည်း**

ရေနေမျိုးစိတ်များ ပေါက်ပွားမှုနှင့် ရှင်သန်မှုအတွက် အရေးပါသော ဒီရေတောများ၊ ပင်လယ်မြက်ခင်းများနှင့် သန္တာကျောက်တန်းများကဲ့သို့ အရေးကြီးသော ရေနေသတ္တဝါများ၏ နေရင်းဒေသများကို ကာကွယ်ခြင်းဖြင့် အဏ္ဏဝါဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး ကမ်းရိုးတန်းဖွံ့ဖြိုးတိုးတက်မှုအတွက် ဂေဟစနစ်အခြေပြုချဉ်းကပ်နည်းကို ကျင့်သုံးခြင်းဖြစ်ပါသည်။

**(ဂ) ရေရှည်တည်တံ့သော ငါးဖမ်းခြင်းအလေ့အကျင့်ကောင်းများ**

ငါးအလွန်အကျွံဖမ်းခြင်းကို တားဆီးရန်နှင့် ငါးအပါအဝင် ရေနေသတ္တဝါအရင်းအမြစ်စီမံခန့်ခွဲမှုကို မြှင့်တင်ရန်အတွက် ရေရှည်တည်တံ့သော ငါးဖမ်းခြင်းအလေ့အကျင့်များကို တွန်းအားပေးဆောင်ရွက်ရန်ဖြစ်ပါသည်။ ငါးဖမ်းကန့်သတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အဏ္ဏဝါဘေးမဲ့နယ်မြေများ (Marine Protected Areas–MPA) တည်ထောင်ခြင်းနှင့် ငါးဖမ်းပိုက်အပါအဝင် သင့်လျော်သည့် ငါးဖမ်းကိရိယာများဖြင့် ဖမ်းစေခြင်းသည် ငါးနှင့်အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများကို အကာအကွယ်ပေးနိုင်ပါသည်။

**(ဃ) အစားထိုးအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကမ်းရိုးတန်းဒေသခံများကို မိရိုးဖလာငါးဖမ်းခြင်းထက် ဂေဟစနစ်များ မပျက်စီးစေသည့် ခရီးသွားလုပ်ငန်း (Ecotourism)ကို မြှင့်တင်ခြင်း၊ ရေရှည်တည်တံ့သော ငါးပုစွန်မွေးမြူခြင်း သို့မဟုတ် အဏ္ဏဝါပတ်ဝန်းကျင်ကို မထိခိုက်စေသော အခြားသော ဝင်ငွေရရှိသည့် လုပ်ငန်းများလုပ်ကိုင်နိုင်ရန် သင်တန်းပေး၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းကဲ့သို့သော ကမ်းရိုးတန်းလူမှုအသိုက်အဝန်းအတွက် အခြားဝင်ငွေရစေမည့် အစားထိုးအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ (Alternative Livelihoods) ဖော်ဆောင်ခြင်းများဖြစ်ပါသည်။

**(င) ကမ်းရိုးတန်းဒေသခံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်ပေးခြင်း**

ကမ်းရိုးတန်းဖွံ့ဖြိုးတိုးတက်မှုနှင့်ဆက်စပ်သော လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကမ်းရိုးတန်းနေဒေသခံလူထုများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်ရန် လုပ်ပိုင်ခွင့်ပေးခြင်း (Community Engagement and Empowerment) ဖြစ်ပါသည်။

**(စ) အသိပညာပေးဆောင်ရွက်ခြင်း**

ရေရှည်တည်တံ့သော ကမ်းရိုးတန်းဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါမှုနှင့်ပတ်သက်၍ အများပြည်သူများ၊ မူဝါဒချမှတ်သူများနှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်သူများအကြား အသိပညာပေးဆောင်ရွက်ခြင်းဖြစ်ပါသည်။

**(ဆ) ဥပဒေ၊ နည်းဥပဒေများနှင့် ၎င်းတို့အား အာဏာသက်ဝင်အောင် ဆောင်ရွက်ခြင်း**

ကမ်းရိုးတန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရေရှည်တည်တံ့ပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် စံချိန်စံညွှန်းများကိုလိုက်နာစေရန် **စာမျက်နှာ ၁၂ သို့** ❁

# မွန်ပြည်နယ်၌ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာလအတွင်း ကောက်ယူသွားမည်

**မော်လမြိုင် စက်တင်ဘာ ၃၀**

၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ကြီးကြပ်သူနှင့် စာရင်းကောက်တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မွန်ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်တွင် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာလအတွင်း ကောက်ယူသွားမည်ဖြစ်ကြောင်း၊ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းသည် သန်းခေါင်စာရင်း လုပ်ငန်းစဉ် အားလုံးကို ပြည့်စုံစွာ ဆောင်ရွက်နိုင်မှု ရှိ/မရှိ စမ်းသပ်ခြင်းဖြစ်ကြောင်း၊ ပင်မသန်းခေါင်စာရင်း မကောက်ယူမီ တစ်နှစ်အလိုတွင် သန်းခေါင်စာရင်းလုပ်ငန်းစဉ်အဆင့်အားလုံးကိုအစမှအဆုံးတိုင် စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သန်းခေါင်စာရင်း မေးခွန်းများ မေးမြန်းရာမှ မေးခွန်းများအပေါ် အများပြည်သူများ၏ နားလည်နိုင်မှု၊ နယ်မြေဒေသအလိုက် ကြုံတွေ့နိုင်သည့် အခက်အခဲများ၊ နည်းပညာလိုအပ်ချက်များကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ စမ်းသပ်သန်းခေါင်စာရင်းကို Mobile Tablet ဖြင့် ကောက်ယူမည်ဖြစ်ပြီး ပင်မသန်းခေါင်စာရင်းအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကိုလည်း အချိန်မီဆောင်ရွက်ကြရန်လိုကြောင်း၊ သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံတော်အတွက် အသုံးဝင်သည့် အချက်အလက်များ ဖြစ်သည့်အတွက် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန် အထူးမှာကြားလိုကြောင်း။

၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ ပင်မသန်းခေါင်စာရင်းကို အဆင်ပြေချောမွေ့စွာ၊ လွယ်ကူအောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် ယခု ကောက်ယူမည့် စမ်းသပ်သန်းခေါင်စာရင်းတွင် တွေ့ကြုံနိုင်မည့် အားသာချက်၊ အားနည်းချက်များကို စနစ်တကျကောက်ယူကာ ပြင်ဆင်သွားရမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ကော်မတီများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ပြည်နယ်ဦးစီးမှူး ဦးမြတ်သွင်က သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူမည့် ကြီးကြပ်သူနှင့် စာရင်းကောက်တို့ထံ စာရင်းကောက်ဝတ်စုံများ ပေးအပ်သည်။

ယနေ့တွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၊ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီးတို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး မွန်ပြည်နယ်အတွင်း MSMEs လုပ်ငန်းများအတွက် စိုက်ပျိုးရေးအခြေခံ အစားအစာထုတ်ကုန်ပစ္စည်း ထုတ်လုပ်မှု နည်းပညာ ဖြန့်ဝေပေးရေး သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မင်္ဂလာဒုံမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ် မွေးမြူရေးလုပ်ငန်းများအပေါ် သက်ရောက်မှုနှုန်း လျှော့ချနိုင်ရေး အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၃၀**

အယ်လ်နီညို ရာသီဥတုဖြစ်ပေါ်လာမှုကြောင့် မွေးမြူရေးကဏ္ဍများအပေါ်ဖြစ်ပေါ်တတ်သည့် သက်ရောက်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် မင်္ဂလာဒုံတိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဆောင်၍ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စု၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာနေခြည်နွေးက အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်လွန်ကဲခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ မိုးခေါင်လွန်ခြင်း၊ သောက်သုံးရေ ရှားပါးခြင်းများ ဖြစ်ပေါ်လာတတ်ကြောင်း၊ ရာသီဥတုကြောင့် မွေးမြူရေးလုပ်ငန်းအပေါ် သက်ရောက်လာမည့် အစာရေစာရှားပါးခြင်း၊ ကျန်းမာရေးထိခိုက်လာခြင်း၊ ထုတ်ကုန်များကျဆင်းခြင်း၊ ဇီဝကမ္မဗေဒဆိုင်ရာ ဆိုးကျိုးထိခိုက်မှုများ၊ မျိုးဆက်ပွားမှုနှုန်းကျဆင်းခြင်း၊ ကူးစက်ရောဂါများ၊ အဆိပ်အတောက်ဖြစ်ပွားမှုများ မကြာခဏဖြစ်ပွားခြင်းတို့ ဖြစ်လာနိုင်သဖြင့် ကြိုတင်ပြင်ဆင်ကာကွယ်ကုသရန် စသည်တို့ကိုဆွေးနွေးကာ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဥာဏ်ဟိန်း**



❁ စာမျက်နှာ ၁၁ မှ

တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ခြင်း သို့မဟုတ် လိုအပ်ပါက ဥပဒေအသစ်များရေးဆွဲခြင်းတို့ဖြစ်ပါသည်။ တရားမဝင်ဆောင်ရွက်ချက်များကို တားဆီးရန် ဥပဒေများကို အသက်ဝင်လာအောင် ဆောင်ရွက်ခြင်းသည် အရေးကြီးပါသည်။

**(ဈ) နိုင်ငံတကာဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း**


ပင်လယ်သမုဒ္ဒရာနှင့်ပတ်သက်သော နယ်စပ်ဖြတ်ကျော်ပြဿနာများကို ဖြေရှင်းရန်နှင့် အဏ္ဏဝါအရင်းအမြစ်များကို ထိထိရောက်ရောက်ထိန်းသိမ်းရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အပါအဝင် ပင်လယ်သမုဒ္ဒရာနှင့်ထိစပ်သော အိမ်နီးချင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အကောင်းဆုံးအလေ့အကျင့်များကို မျှဝေခြင်း၊ သုတေသနလုပ်ငန်းများ ပူးတွဲဆောင်ရွက်ခြင်းနှင့် ရေထုညစ်ညမ်းမှုကို တုံ့ပြန်ရန် ပူးပေါင်းကြိုးပမ်းမှုများ ပါဝင်နိုင်ပါသည်။

**(ဉ) ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်း**

ကမ်းရိုးတန်းဒေသများရှိ ရာသီဥတုပြောင်းလဲမှုကြောင့် သက်ရောက်နိုင်ခြေရှိမှုများ (ဥပမာ-ရာသီဥတုပြောင်းလဲမှုကြောင့် ငါးဖမ်းရရှိနှုန်းကျဆင်းနိုင်ခြေနှင့် ကမ်းရိုးတန်းတိုက်စားမှုများ စသည်) ကို ထည့်သွင်းစဉ်းစားပြီး ကမ်းရိုးတန်းနေလူမှုအသိုက်အဝန်းနှင့် ဂေဟစနစ်များကို ကာကွယ်ရန်အတွက် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် မဟာဗျူဟာများနှင့် ချဉ်းကပ်မှုများကို ဖော်ဆောင်ခြင်းဖြစ်ပါသည်။

ရေရှည်တည်တံ့သော ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် စီမံခန့်ခွဲခြင်းများလိုအပ်ပါသည်။ အစိုးရ၊ ဒေသခံလူထုများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများအကြား ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါသည်။

အာဆီယံကိုကြည့်မည်ဆိုလျှင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးသည် အပြာရောင်စီးပွားရေး (Blue Economy) နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် ကတိကဝတ်ပြုထားကြပါသည်။ ၂၀၂၁ ခုနှစ်တွင် ကျင်းပခဲ့သည့်(၃၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး (38th ASEAN Summit) တွင် အာဆီယံခေါင်းဆောင်များသည် အာဆီယံအပြာရောင်စီးပွားရေးဆိုင်ရာ ကြေညာစာတမ်း (ASEAN Leaders' Declaration on Blue Economy) ကို သဘောတူ အတည်ပြုချမှတ်ခဲ့ကြပါသည်။ အဆိုပါကြေညာစာတမ်းကို အကောင်အထည်ဖော်ရန်အတွက် အာဆီယံအပြာရောင်စီးပွားရေးမူဘောင် (ASEAN Blue Economy Framework) ကို ချမှတ်ရန်ရှိပါသည်။ ယခုအခါ နောက်ဆုံးမူကြမ်း ထွက်ရှိလာပြီးဖြစ်၍ အတည်ပြုကြမည်ဖြစ်ပါသည်။




ရေရှည်တည်တံ့သော အပြာရောင်စီးပွားရေးအုပ်ချုပ်မှုပြပုံ။

မြန်မာနိုင်ငံသည် ရှည်လျားသော ကမ်းရိုးတန်းနှင့် ကျယ်ပြောသောပင်လယ်ပြင်ကို ပိုင်ဆိုင်ထားပါသည်။ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တစ်လျှောက် ၂၃၃၃ ကီလိုမီတာခန့်ရှည်လျားသော ကမ်းရိုးတန်းနှင့် ၄၉၇၀၃၇ စတုရန်းကီလိုမီတာခန့် ကျယ်ဝန်းသော ရေပြင်တို့ကို ပိုင်ဆိုင်ထားပါသည်။ မြန်မာနိုင်ငံ၏ သီးသန့်စီးပွားရေးဇုန် (Exclusive Economic Zone–EEZ) သည် အခြေခံမျဉ်း (Baseline) မှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀၀ အထိရှိပါသည်။ ထို့အပြင် အိန္ဒိယသမုဒ္ဒရာ အပြည်ပြည်ဆိုင်ရာရေကြောင်းကုန်သွယ်မှုလမ်းကြောင်းနှင့် နီးကပ်စွာ မဟာဗျူဟာကျကျ တည်ရှိနေပါသည်။ အပြာရောင်စီးပွားရေးအတွက် အလားအလာရှိသော အချက်ဖြစ်ပါသည်။ ထိုကဲ့သို့ ပိုင်ဆိုင်ထားခြင်းသည် မြန်မာနိုင်ငံအတွက် သဘာဝကပေးသည့် အမွေအနှစ်ပင် ဖြစ်ပေတော့မည်။

မြန်မာနိုင်ငံသည် ထိုကဲ့သို့ ရှည်လျားသော ကမ်းရိုးတန်းနှင့် ကျယ်ပြန့်သော ပင်လယ်ပြင်တို့ကို ပိုင်ဆိုင်ထားသောကြောင့် ပင်လယ်ကမ်းရိုးတန်းစီးပွားရေးနှင့် အပြာရောင်စီးပွားရေးတို့ကို ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေနိုင်ပါသည်။ ကမ်းရိုးတန်းစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် Public Private Partnership (PPP)စနစ်ဖြင့် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလည်း လိုအပ်ပါသည်။ အဏ္ဏဝါအရင်းအမြစ်များကို ကာကွယ်ပြီး ကမ်းရိုးတန်းဒေသခံလူထု၏အသက်မွေးဝမ်းကျောင်းများကို ပံ့ပိုးပေးရင်း ရေရှည်တည်တံ့သည့် ကမ်းရိုးတန်းဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ရန် လိုအပ်ပါသည်။ ကမ်းရိုးတန်းနှင့် အပြာရောင်စီးပွားရေးကဏ္ဍသည် ကမ်းရိုးတန်းရှိ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ ဆက်စပ်ဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့ များစွာပါဝင်နေကြပါသည်။ သို့ဖြစ်၍ ဆက်စပ်သူများအားလုံး ပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူဖြစ်နိုင်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

**ရည်ညွှန်းကိုးကား**

**– OECD–The Ocean Economy**
**– UNDP– An Ocean of Opportunities**
**– ADB– Blue Economy Development Framework**
**– Presentation in EAS Workshop of Kunaev Vadim, Federal Agency for Fisheries, Russian Federation,**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အဆိုးရွားဆုံးကြုံတွေ့နေရ

ဒါကာ စက်တင်ဘာ ၃၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လက်ရှိအချိန်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု အဆိုးရွားဆုံး ကြုံတွေ့နေရပြီး ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူ ၉၀၀ ကျော်ရှိကြောင်း သိရသည်။

သွေးလွန် တုပ်ကွေးရောဂါသည် ခြင်မှ ကူးစက်သောရောဂါတစ်မျိုးဖြစ်ပြီး အဖျားကြီးပြီး ပြင်းထန်သောခေါင်းကိုက်ဝေဒနာကို ခံစားရသည့်အပြင် အဆစ်များနှင့် ကြွက်သားများကိုပါ နာကျင်စေသည်။

စက်တင်ဘာ ၂၄ ရက်က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နောက်ဆုံးစာရင်းဇယားများအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး သေဆုံးသူပေါင်း၉၀၉ဦးအထိ စံချိန်တင်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။ နိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုသည် လွန်ခဲ့သည့် မေလဝန်းကျင်တွင် စတင်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်ကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။

စက်တင်ဘာ ၄ ရက်အထိ ပြည်သူပေါင်း ၁၃၃၀၀၀ ကျော် သွေးလွန်တုပ်ကွေးဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါအရေအတွက်သည် ယမန်နှစ် အလားတူကာလထက် ဖြစ်ပွားသူအရေအတွက်အဆပေါင်း ၂၀ ခန့် တိုးမြင့်လာကြောင်း သိရသည်။

မြို့တော် ဒါကာ၌ ကလေးငယ်အများအပြားသည် ၎င်းတို့၏မိခင်များနှင့်အတူ ဆေးရုံတစ်ခုတွင် ကုသမှုခံယူနေကြသည်ကို မှတ်တမ်းတင်ဗီဒီယိုဖိုင်တစ်ခုတွင် တွေ့မြင်ရသည်။

ခြင်မှကူးစက်သော ဗိုင်းရပ်စ်ပိုးသည် သွေးလွန်တုပ်ကွေးနှင့် အခြားရောဂါများ ပျံ့နှံ့မှုကို အထောက်အကူပြုကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျွမ်းကျင်သူများက သတိပေးထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**






## ဖိလစ်ပိုင်နိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးကို မြှင့်တင်ရန် ကမ္ဘာ့ဘဏ်က ကန်ဒေါ်လာ သန်း ၆၀၀ ထုတ်ချေးရန် အတည်ပြု

မနီလာ စက်တင်ဘာ ၃၀

ဖိလစ်ပိုင်နိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု တိုးမြှင့်လုပ်ဆောင်ရေးကို ရည်ရွယ်သည့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံအား အမေရိကန်ဒေါ်လာ သန်း ၆၀၀ ထုတ်ချေးရန် ကမ္ဘာ့ဘဏ်က အတည်ပြုခဲ့ကြောင်း စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ ပထမဆုံး ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒချေးငွေသည် အခြေခံအဆောက်အအုံမူဝါဒများဆိုင်ရာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို မြှင့်တင်ရန် ရည်ရွယ်ကြောင်း သိရသည်။

အဆိုပါချေးငွေသည် ဖိလစ်ပိုင်နိုင်ငံအစိုးရ၏ လုပ်ငန်းများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ဝန်ဆောင်မှုပေးခြင်း၊ ဒစ်ဂျစ်တယ်စနစ်အခြေခံအဆောက်အအုံဈေးကွက်များတွင် ပြိုင်ဆိုင်မှုများတိုးပွားလာစေရန်နှင့် ဒစ်ဂျစ်တယ်ငွေပေးချေမှုနှင့် ငွေကြေးဝန်ဆောင်မှုများကို လက်ခံကျင့်သုံးရန် အားပေးကူညီနိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဒစ်ဂျစ်တယ်ငွေပေးချေမှုများကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခြင်းသည် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် မရှိမဖြစ်လိုအပ်ပြီး သန်းပေါင်းများစွာသော နိုင်ငံသားများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများကို များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

## ဂျပန်မင်းသမီးကာကို ပီရူးနိုင်ငံသို့ နိုဝင်ဘာလတွင် သွားရောက်မည်

တိုကျို စက်တင်ဘာ ၃၀

ဂျပန်အိမ်ရှေ့မင်းသား အာကီရှီနိုနှင့် ကြင်ယာတော် ကီကိုတို့၏ ဒုတိယသမီးတော် မင်းသမီးကာကိုသည် ဂျပန်နှင့် ပီရူးနှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေး နှစ် ၁၅၀ ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် နိုဝင်ဘာလတွင်ပီရူးနိုင်ငံသို့သွားရောက်မည်ဖြစ်သည်။

မင်းသမီး ကာကိုသည် နိုဝင်ဘာ ၁ ရက်မှစတင်ကာ ပီရူးနိုင်ငံသို့ ၁၀ ရက်ကြာ သွားရောက်မည်ဖြစ်သည်။ အဆိုပါခရီးစဉ်သည် ၎င်း၏ ဒုတိယမြောက် တရားဝင် ပြည်ပခရီးစဉ်လည်း ဖြစ်သည်။

ဂျပန်နှင့် ပီရူးနှစ်နိုင်ငံသည် ၁၈၇၃ ခုနှစ်တွင် ကူးသန်းရောင်းဝယ်ရေးနှင့် ရေကြောင်းဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

မင်းသမီး ကာကိုသည် ပီရူးသမ္မတ ဒီနာဘိုလေ့တီအား မြို့တော်လီမာ၌ တွေ့ဆုံမည်ဖြစ်သည်။ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း နှစ် ၁၅၀ ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။

ထို့ပြင် မင်းသမီးကာကိုသည် ဂျပန်နွယ်ဖွားများနှင့် တွေ့ဆုံကာ အကြား အာရုံချို့ယွင်းသော ကလေးများ စောင့်ရှောက်ရေးကျောင်းသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

၎င်းသည် ပီရူးနိုင်ငံတောင်ပိုင်း Cusco မြို့ရှိ ယူနက်စကို ကမ္ဘာ့အမွေအနှစ်နေရာဖြစ်သည့် ရှေးဟောင်း Inca မြို့ရှိ Machu Picchu သို့လည်း သွားရောက်လည်ပတ်ရန် စီစဉ်ထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ဇင်ဘာဘွေနိုင်ငံ၌ မိုင်းတွင်းတစ်ခုပြိုကျမှုကြောင့် မိုင်းတွင်းလုပ်သား ခြောက်ဦးသေဆုံး

ဟာရာရီ စက်တင်ဘာ ၃၀

ဇင်ဘာဘွေနိုင်ငံ မာရှိုနာလန်ပြည်နယ် ချီဂူတူခရိုင်၌ စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက မိုင်းတွင်းတစ်ခုပြိုကျမှုဖြစ်ပွားခဲ့ခြင်းကြောင့် မိုင်းတွင်းလုပ်သား ခြောက်ဦးသေဆုံးခဲ့ပြီး အခြားသော မိုင်းတွင်းလုပ်သား ၁၅ ဦး ပိတ်မိခဲ့ကြောင်း ဇင်ဘာဘွေအစိုးရ၏ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

### လွတ်မြောက်ခဲ့

အဆိုပါ Beyhose မိုင်းတွင်းပြိုကျမှု ဖြစ်ပွားခဲ့ပြီးနောက် မိုင်းတွင်းလုပ်သားစုစုပေါင်း ၃၄ ဦး ပိတ်မိခဲ့သော်လည်း ၁၃ ဦးမှာ ပိတ်မိနေရာမှ လွတ်မြောက်ခဲ့ကြောင်း သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ကမ်ဘာမူရာက နိုင်ငံပိုင် ရုပ်သံလွှင့်ဌာနဖြစ်သော ဇင်ဘာဘွေအသံလွှင့်ကော်ပိုရေးရှင်းသို့ စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် မိုင်းတွင်းအတွင်း ပိတ်မိနေသော မိုင်းတွင်းလုပ်သား ၁၅ ဦးအား ကယ်ဆယ်ရန်ဆောင်ရွက်နေပြီး ရုပ်အလောင်းခြောက်လောင်းကို တွေ့ရှိထားကြောင်း သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ကမ်ဘာမူရာက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**



## ဂျပန်အမျိုးသားရဲအေဂျင်စီက ဆိုက်ဘာလုံခြုံရေးဆောင်ရွက်ရန် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုလျက်ရှိ

တိုကျို စက်တင်ဘာ ၃၀

ဂျပန်အမျိုးသားရဲအေဂျင်စီသည် လက်ရှိတွင် ရာဇဝတ်မှုများဖြစ်ပေါ်လာနိုင်သည့် အွန်လိုင်းသတင်းအချက်အလက်များကိုရှာဖွေရန် ၎င်း၏ဆိုက်ဘာလုံခြုံရေးဆောင်ရွက်မှုများတွင် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

ယခင်က ဂျပန်အမျိုးသားရဲအေဂျင်စီက တာဝန်ခွဲဝေပေးထားသော ပုဂ္ဂလိက နည်းပညာကုမ္ပဏီတစ်ခုသည် ဆိုရှယ်မီဒီယာပို့စ်များနှင့် အွန်လိုင်းဆိုက်များပေါ်တွင် ရာဇဝတ်မှုဆိုင်ရာ အချက်အလက်များကို ရှာဖွေခဲ့သည်။ ယင်းသို့ ရှာဖွေရာတွင် အိုင်တီကုမ္ပဏီသည် အထူးသဖြင့် သေနတ်နှင့် ဖောက်ခွဲရေးပစ္စည်းများပါဝင်သော ရာဇဝတ်မှုများသို့ ဦးတည်သွားစေနိုင်သည့် အဓိကစကားလုံးများကို အသုံးပြုခဲ့သည်။




ဉာဏ်ရည်တုနည်းပညာသည် စကားလုံးများနှင့် ၎င်းတို့၏ အကြောင်းအရာများကို ပိုင်းခြားစိတ်ဖြာခြင်းဖြင့် မရေမတွက်နိုင်သော အွန်လိုင်းအချက်အလက်များမှ သံသယဖြစ်ဖွယ်အကြောင်းအရာများကို အလိုအလျောက်ခွဲထုတ်နိုင်သည့်အတွက် ဂျပန်အမျိုးသားရဲအေဂျင်စီက ဉာဏ်ရည်တုနည်းပညာကို စတင်အသုံးပြုလျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း၌ သေနတ်နှင့် ဖောက်ခွဲရေးပစ္စည်းများ ပါဝင်သည့် ရာဇဝတ်မှုများ လွန်ခဲ့သောနှစ်များအတွင်း မကြာခဏဖြစ်ပွားခဲ့သည်။ အဆိုပါ ပြစ်မှုကျူးလွန်သူများကိုလည်း အင်တာနက်ပေါ်တွင် တင်ထားသော အချက်အလက်များကို အသုံးပြု၍ ဖော်ထုတ်နိုင်ခဲ့သည်။

လုယက်မှုများနှင့် လိမ်လည်လှည့်ဖြားသည့် လူပ်ရှားမှုများကိုလည်း အွန်လိုင်းပို့စ်များမှတစ်ဆင့် ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဉာဏ်ရည်တုနည်းပညာစနစ်သည် ရာဇဝတ်မှုများကို တားဆီးနိုင်မည်ဟု မျှော်လင့်ကြောင်းနှင့် ဆိုက်ဘာလုံခြုံရေးဆောင်ရွက်မှုများကို ပိုမိုထိရောက်စေပြီး အန္တရာယ်ရှိသောသတင်းအချက်အလက်များကို စောစီးစွာသိရှိနိုင်စေမည်ဖြစ်ကြောင်း အမျိုးသားရဲအေဂျင်စီက မှတ်ချက်ပြုပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ချမ်းမြသာစည်နှင့် တောင်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄)ရပ်ကွက် ၁၁၂ လမ်းနှင့် ၆၂(B)လမ်းထောင့်တွင် စိုးမြတ်ဘုန်း၊ ခင်ဇော်၊ ရဲကျော်သူ(ခ)ကိုရဲနှင့် မစိုးမြတ်မွန်(ခ)မိငယ်တို့ သုံးဦးအား ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၂ ကီလိုကို လည်းကောင်း၊၊

စက်တင်ဘာ ၂၈ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် တောင်ကြီးတက္ကသိုလ်လမ်းမတွင် ခွန်ဝင်းရွှေ(ခ)ချစ်ဆွေ မောင်းနှင်ပြီး မမိုးမိုးအေး (ခ)မိုးခမ်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၉၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



စိုးမြတ်ဘုန်း၊ ခင်ဇော်၊ ရဲကျော်သူ(ခ)ကိုရဲနှင့် မစိုးမြတ်မွန်(ခ)မိငယ်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင်သစ်မျိုးစုံ၊ ခဲသတ္တုများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၂ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာခြောက်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Solar Mounted Frames ၅၅၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၈၀၅၀၀၀)၊ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Double Flask ရေနွေးဓာတ်ဘူး အလုံး ၃၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် Alliance ကားတာယာ အလုံး ၂၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ရေမွှေးပုလင်းမျိုးစုံ ၄၉ ပုလင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၇၀၀၀၀) ကိုလည်းကောင်း၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ မူဆယ်မှ မန္တလေးသို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Deye Hybrid Solar Inverter နှစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ တာချီလိတ်မှ တောင်ကြီးသို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပလတ်စတစ်ပုံးအမည်းပုံး ၂၄ လုံးအပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၁၄၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၉၈၉၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အပြင် စက်တင်ဘာ ၂၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာတွင် စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Wifi Router အခု ၉၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၂၀၀၀၀) ကိုလည်းကောင်း၊ ကျိုင်းတုံမြို့ ပန်ဥ/ပန်ဆန်းရွာအနီး၌ ယာဉ်တစ်စီးပေါ်မှ Lactasoy ပဲနို့ဘူး ၁၅၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၈၇၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စက်တင်ဘာ ၂၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် ဆိပ်ကမ်းသာလမ်းရှိ ဂိုဒေါင်၌ တရားမဝင် ခဲသတ္တု ၁၈၆၂၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၈၆၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၂၈ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဂွမြို့နယ် ဒေါင့်ချောင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်သစ်မျိုးစုံ ၇ ဒသမ ၆၀၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၆၃၀) ကိုလည်းကောင်း၊ ဂွမြို့နယ် ဆပ်သွားချောင်းလမ်းမကြီးဘေး ကျောက်ချပ်ရွာအနီး၌ တရားမဝင်သစ်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၄၈၁၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၇၄၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၂ ရက်၊ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၂၅၆၄၄၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်ကျွန်းမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လပွတ္တာ လုပ်ကလေးကျေးရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုး၊ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် လပွတ္တာ လုပ်ကလေးကျေးရွာ၌ အရှည်ပေ ၆၀၀၀ ရှိ အိမ်သွယ်ရေတိုင် သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တာဝန်ရှိသူများ၊ ကျေးရွာရှိရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးလက်ရေရရှိရေးနှင့်ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၂၇ သန်းကို အသုံးပြုကာ မေလ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၁၀-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ လောကအလင်းဆောင် နေပြည်တော်မှ ကုံကော်တစ်ထောင်
၀၈:၃၅ 'Asian Games Daily Highlights'(3)
၀၉:၂၀ ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း'(အပိုင်း-၃)
၀၉:၃၅ ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ (Video Clip)
၁၀:၀၀ 'သတင်းသမားပြောတဲ့သတင်းစကား'
၁၀:၃၀ 'Local Talents Show'တေးဂီတဖျော်ဖြေပွဲ
၁၁:၃၅ အသိပညာနှင့်အမှန်တရား
၁၂:၃၅ This Week's Special Interest
၁၃:၀၀ MRTV National News
၁၃:၃၀ မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'ဝက်ရူးရောင်' (ဇော်လင်း၊ထွန်းထွန်းဝင်း၊ခင်သီတာထွန်း)
၁၆:၃၅ Economic Review
၁၇:၁၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြု တစ်လတာ (၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ)(ပထမပိုင်း)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ဘယ်သူမှန်လဲအပြိုင်ကြ
၁၉:၁၅ တိုးတက်ဖို့ရည် တူညီလျှော်ခတ် ကျောက်ဖြူအနာဂတ်
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ 'အနုပညာ၊ အတတ်ပညာများနှင့် နာမည်အမျိုးမျိုးရှိခဲ့သောပညာသည်' 'ဒါရိုက်တာအောင်မြင့်မြတ်'(အပိုင်း-၃)
၂၁:၂၅ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း 'ရောင်စဉ်တန်းတို့ထွန်းတောက်ချိန်' (ဇာတ်သိမ်းပိုင်း)

### mitv

07:01 Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
07:09 Myanmar Paper Toys
07:15 Myanmar Traditional Thatched Roofs: IN-LEAF
07:33 Edible Beauty: Tha Khut
08:01 News
08:27 Xylophones' Home
08:47 Kayah
08:55 International Coffee Day (1st October)
09:01 The Longest Living Siblings (Part-1)
09:22 The Longest Living Siblings (Part-2)
09:44 Today Myanmar: CBT in Hopone Township
09:56 International Day of Older Persons (1st October)
10:01 News

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ရွှေတံခါးမြို့သို့အလည်တစ်ခေါက်

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
စားမြိန်ဖွယ်ရာပျို့မေ့လက်ရာ (ရှမ်းရိုးရာငါးပေါင်းအစားအစာ)

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
စပျစ်သီးစိုက်ပျိုးခြင်း

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
စီးပွားဖြစ်တဲ့ငှက်ပျောခင်း

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ကယားရိုးရာဝက်အူချောင်း

**စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ဂေါ်ရန်ဂိုကျွန်းသဘာဝအလှ(အပိုင်း-၁)

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ကရင်ရိုးရာဖိနပ်လုပ်ငန်း

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကြယ်ကလေးများအတွက်ပုံပြင်

**ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ဂေါ်ရခါးသီးနှင့်ကျန်းမာရေး

**ချင်း (ဒိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ရှားပါးသတ္တဝါတို့ရဲ့မှုရင်းဌာနေ ခေါ်နူး(မ်)သုပ်

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၈:၄၅ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ရာသက်ပန်ပေါင်းဖို့ရန် ရည်ရွယ်မှုသာ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေး
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၂)
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၇)

### MRTV FARMERS' Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၅ စားရေရိက္ခာဖူလုံဖို့တိုင်းရင်းငါးပြေမများ မွေးမြူထုတ်လုပ်ကြပါစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ Last Day of Wheat Harvest!
၁၉:၃၀ ဘာမဆိုဖြစ်နိုင်တယ်(အပိုင်း-၁)
၂၂:၀၀ Gay Party(ဇာတ်လမ်း)
၂၃:၀၀ Karl And Tina: Embracing Village Life In Japan

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ Weekly Sports Info
၁၆:၃၀ MNL 2022 Match(Replay)
၁၈:၀၀ အားကစားသတင်း
၁၈:၂၀ 19th Asia Games Highlights

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာရောင်းချပေးနေမှုနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

မုံရွာ စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ လယ်တီရပ်ကွက်ရှိ ပြည်ထောင်စုဈေးကြီးတွင် စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဆန်ကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းနှင့် အသား၊ ငါး၊ ကြက်ဥမွေးမြူထုတ်လုပ်ရောင်းချသူများအသင်းတို့ ပူးပေါင်း၍ ပြည်သူများအား အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။



## ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများနှင့် မိသားစုဝင်များအား တန်ဖိုးသင့်စားသောက်ကုန်များ ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ တိပိဋကာလင်္ကာရ သာမဏေကျော် ကျောင်းတိုက်ကြီးတွင် ဌာနဆိုင်ရာဝန်ထမ်းများအား တန်ဖိုးသင့်စားသောက်ကုန်များ ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး အဆိုပါကျောင်းတိုက်ကြီးအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသူများအား စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်း ၃၂၀၀ ကျော်ဖြင့် ဘုန်းတော်ကြီးကျောင်းများနှင့် မြို့သန့်ရှင်းသပ်ရပ်သာယာရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိပိဋကာလင်္ကာရ သာမဏေကျော် ကျောင်းတိုက်ဆရာတော်ကြီးနှင့် ပင့်သံဃာဆရာတော်များထံ လှူဖွယ်ပစ္စည်းများနှင့် ရွှေရတုပညာပါရမီ RC နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ဘီလပ်မြေအိတ် ၃၀၀၀ ကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြပြီး အလျား ပေ ၁၃၀၊ အနံ ပေ ၃၀ ရှိ ကျောင်းဆောင်သစ် တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၃၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Sandar Khin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက်နေ စန္ဒာခင်အား ည ၇ နာရီခွဲတွင်လည်းကောင်း၊ “Hnin Thazin Phyo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဇေယျာသီရိရပ်ကွက်နေ နှင်းသဇင်ဖြိုးအား ည ၉ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ကွတ်ခိုင်မြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

ကွတ်ခိုင် စက်တင်ဘာ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၌ (၇၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အကြို ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၆ နာရီတွင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

ဆက်လက်၍ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် ကွတ်ခိုင် မြို့မရဲစခန်းဝင်းအတွင်း၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှိုင်မင်းစိုး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းဦး၊ အမှတ်(၅၉)မူးယစ်တပ်ဖွဲ့စု၊ ကွတ်ခိုင်မြို့မရဲစခန်းမှူး ဒုရဲမှူးမြို့ဆွေတို့က ကြည့်ရှုအားပေးခဲ့ပြီး ဆုရရှိသူများအား အောက်တိုဘာ ၁ ရက်တွင် ကျင်းပမည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ကျောက်တံခါး စက်တင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများ ကြိုတင်ကာကွယ်ရေး အသိပညာပေးလှုပ်ရှားမှု ရက်သတ္တပတ်အနေဖြင့် ယမန်နေ့ နံနက်ပိုင်းက ဖြူးစုကျေးရွာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးတောင်သူများအား အသိပညာပေးဟောပြောခြင်းနှင့် ကာကွယ်ဆေးများကြိုတင်ထိုးနှံခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာနှင်းနုလွင်က အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် တိရစ္ဆာန်များတွင် အစာနှင့် ရေရှားပါးခြင်း၊ အာဟာရမပြည့်ဝခြင်း၊ ကူးစက်ရောဂါများ ဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် ကြိုတင်ပြင်ဆင်ထားသင့်သည်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဝန်ထမ်းများက ကာကွယ်ဆေးကြိုတင်ထိုးနှံခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

# ကမ္ဘောဒီးယားနိုင်ငံ၏ ဆင်းရဲမှုလျှော့ချခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု

ခန့်ဇော် (ကျေးလက်)

အရှေ့တောင်အာရှရှိ အင်ဒိုချိုင်းနားကျွန်းဆွယ်၏တောင်ပိုင်းတွင် တည်ရှိပြီး ဧရိယာအားဖြင့် ၁၈၁၀၃၅ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည့် ကမ္ဘောဒီးယားနိုင်ငံသည် အနောက်မြောက်ဘက်တွင် ထိုင်းနိုင်ငံ၊ အရှေ့မြောက်ဘက်တွင် လာအိုနိုင်ငံ၊ အရှေ့ဘက်တွင် ဗီယက်နမ်နိုင်ငံနှင့် အနောက်တောင်ဘက်တွင် ထိုင်းပင်လယ်ကွေ့တို့နှင့် ထိစပ်လျက်ရှိသည်။ လူဦးရေ ၁၅ သန်းကျော်ရှိသည့်အနက် ခမာလူမျိုး ၉၆ ရာခိုင်နှုန်းခန့် နေထိုင်ပြီး လူနည်းစုမှာ ဗီယက်နမ်၊ တရုတ်၊ ချမ်နှင့် တောင်ကုန်းနေလူမျိုးစုများဖြစ်ကြသည်။

**ကမ္ဘောဒီးယားနိုင်ငံ၏နိုင်ငံရေး**

ရွေးကောက်ခံ စည်းမျဉ်းခံဘုရင်စနစ်ဖြစ်ပြီး လက်ရှိဘုရင်မှာ နိုရိုဒွန်ဆီဟာမိုနီဖြစ်ကာ အစိုးရအဖွဲ့၏အကြီးအမှူးမှာ ဝန်ကြီးချုပ်ဖြစ်သည်။ ဝန်ကြီးချုပ်ဟွန်ဆန်သည် ကမ္ဘောဒီးယားနိုင်ငံအား ၁၉၈၅ ခုနှစ်ကတည်းက အုပ်ချုပ်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဇွန်လအတွင်း ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် သားဖြစ်သူ ဟွန်မာနက်အား ဩဂုတ်လ ၂၂ ရက်နေ့တွင် အာဏာလွှဲခဲ့ခြင်းဖြစ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ပြင်သစ်လက်အောက်မှ ၁၉၅၃ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၆၅ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်လွန်ကာလများအထိ စစ်ရေး၊ နိုင်ငံရေးအပြောင်းအလဲများစွာကို ရင်ဆိုင်ခဲ့ရကြောင်း လေ့လာတွေ့ရှိရသည်။ ၁၉၅၅ ခုနှစ်မှစ၍ ကုလသမဂ္ဂ၏အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး အာဆီယံအဖွဲ့၊ အရှေ့အာရှထိပ်သီးအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ဘက်မလိုက်နိုင်ငံများလှုပ်ရှားမှုအဖွဲ့နှင့် လာဖရန်ကိုဖုန်းနီအဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည်။

**ကမ္ဘောဒီးယားနိုင်ငံ၏စီးပွားရေး**

၂၀၁၇ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ လူတစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၃၀၉ ဖြစ်ပြီး ဝယ်ယူနိုင်စွမ်းအား ကွာခြားမှုနှုန်းကို ထည့်တွက်ပါက အမေရိကန်ဒေါ်လာ ၄၀၂၂ မျှရှိသည်။ ကုလသမဂ္ဂက ကမ္ဘောဒီးယားနိုင်ငံအား ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများတွင် တစ်နိုင်ငံအဖြစ် သတ်မှတ်ထားသည်။ ကျေးလက်နေအိမ်ထောင်စုအများစုမှာ စိုက်ပျိုးမွေးမြူရေးနှင့် ဆက်စပ်လုပ်ငန်းများအပေါ်တွင် မှီခိုကြပြီး အဓိကတင်ပို့ကုန်များမှာ ဆန်စပါး၊ ငါး၊ သစ်၊ အဝတ်အထည်နှင့် ရော်ဘာတို့ဖြစ်ကြသည်။

အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် လူတစ်ဦးချင်းဝင်ငွေ နိမ့်ကျသော်လည်း စီးပွားရေးရာမဂ္ဂဇင်းနှင့် နိုင်ငံတကာငွေကြေးအဖွဲ့တို့၏အဆိုအရ ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ပျမ်းမျှဂျီဒီပီတိုးတက်နှုန်းမှာ ၇ ဒသမ ၇ ရာခိုင်နှုန်းဖြစ်သဖြင့် ကမ္ဘာပေါ်တွင် နှစ်စဉ်ပျမ်းမျှ ဂျီဒီပီတိုးတက်နှုန်းအများဆုံး ၁၀ နိုင်ငံတွင် ပါဝင်ခဲ့ကြောင်း လေ့လာသိရှိရသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ ဖွံ့ဖြိုးမှုအမြန်ဆန်ဆုံးလုပ်ငန်းမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖြစ်ပြီး နိုင်ငံ၏ဒုတိယမြောက် ဝင်ငွေအများဆုံးရရှိသည့် လုပ်ငန်းဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် ခရီးသွား ၂၁၉၀၀၀ မျှရှိရာမှ ၂၀၀၇ ခုနှစ်တွင် နှစ်သန်းအထိ တိုးတက်လာခဲ့ပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ နိုင်ငံအတွင်း အလုပ်လုပ်သူ ၂၆ ရာခိုင်နှုန်း (၂ ဒသမ ၅ သန်းမျှ) ကို အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ပြီး နိုင်ငံခြားသို့ တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံမျှဖြစ်ကြောင်း တွေ့ရှိရသည်။




**ကမ္ဘောဒီးယားနိုင်ငံ၏စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP)နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)**

၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ဘဏ်၏စာရင်းအရ GDP အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၉၆ ဘီလီယံ၊ တစ်ဦးချင်း GDP မှာ အမေရိကန်ဒေါ်လာ ၁၄၈၇ ဒသမ ၇၂ ခန့်ရှိသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ FDI သည် ၂၀၂၂ ခုနှစ်တွင် ၇ ဒသမ ၇ ရာခိုင်နှုန်းခန့် တိုးလာခဲ့ပြီး ပြီးခဲ့သည့် သုံးလပတ်ကာလအတွင်း အမေရိကန်ဒေါ်လာ ၉၃၁ ဒသမ ၆ သန်းခန့်၊ ၂၀၂၃ ခုနှစ် မတ်လစာရင်းအရ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံခန့်အထိ တိုးမြင့်လာသည်ကို တွေ့ရသည်။

**ဆင်းရဲမှုနှုန်း**

ကမ္ဘောဒီးယားနိုင်ငံသည် ဆယ်စုနှစ် အနည်းငယ်ကျော်အတွင်း ဆင်းရဲမှုလျှော့ချခြင်းလုပ်ငန်းစဉ်တွင် သိသိသာသာတိုးတက်လာခဲ့ပြီး ကမ္ဘာ့ဘဏ်၏အဆိုအရ နိုင်ငံ၏ ဆင်းရဲမှုနှုန်းမှာ ၂၀၀၇ ခုနှစ်တွင် ၄၇ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၁၃ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးကဏ္ဍများတွင် အခြေခံဝန်ဆောင်မှုများ ရရှိမှု တိုးတက်လာခြင်းအပါအဝင် စိုက်ပျိုးရေး၊ အထည်ချုပ်လုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍများတွင် စီးပွားရေးတိုးတက်မှု အားကောင်းလာခြင်းတို့က ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူဖြစ်စေခဲ့သည်ကို တွေ့ရသည်။

သို့ရာတွင် ကမ္ဘောဒီးယားနိုင်ငံတွင် အထူးသဖြင့် ကျေးလက်ဒေသများနှင့် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် တိုင်းရင်းသားလူနည်းစုများကဲ့သို့သော ထိခိုက်လွယ်အုပ်စုများ၌ ဆင်းရဲနွမ်းပါးမှုသည် သိသာထင်ရှားသည့် စိန်ခေါ်မှုတစ်ခုအဖြစ် ကျန်ရှိလျက်ရှိသည်။ အမျိုးသားစာရင်းအင်းပညာကျောင်း၏အဆိုအရ ၂၀၁၉ ခုနှစ်တွင် ကျေးလက်ဒေသများ၌ တွေ့ရှိရသည့် အမြင့်ဆုံးဆင်းရဲမှုနှုန်းမှာ ၁၆ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပါသည်။

ကမ္ဘာ့ဘဏ်၏အဆိုအရ အလုပ်အကိုင်များဖန်တီးပေးခြင်းနှင့် ဝင်ငွေတိုးပွားလာခြင်း၊ အစိုးရက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ပေးခြင်းနှင့် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံခြင်းကဲ့သို့သော စီးပွားရေးရာမူဝါဒများ ချမှတ်ဆောင်ရွက်နိုင်မှုကြောင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသည် တစ်ကမ္ဘာလုံးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာပြီး နိုင်ငံ၏ GDP သည် ပျမ်းမျှအားဖြင့် နှစ်စဉ် ၇ ဒသမ ၆ ရာခိုင်နှုန်းဖြင့် တိုးတက်လာခဲ့သည်ကို တွေ့ရသည်။

**လူမှုဖူလုံရေးလုပ်ငန်းများ**

ကမ္ဘောဒီးယားနိုင်ငံ စီမံကိန်းဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်စာရင်းအရ အစိုးရသည် ဆင်းရဲသောအိမ်ထောင်စုများကို ခွဲခြားသတ်မှတ်၍ ငွေကြေးတိုက်ရိုက်ထောက်ပံ့ပေးသည့် IDPoor အစီအစဉ်အပါအဝင် ဆင်းရဲမှုလျှော့ချရန် လူမှုဖူလုံရေးလုပ်ငန်းစဉ်များစွာကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်အထိ IDPoor အစီအစဉ်သည် နိုင်ငံတစ်ဝန်းရှိ အိမ်ထောင်စုပေါင်း ၆၀၀၀၀၀ ကျော်အထိ ထောက်ပံ့နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ ထို့အပြင် အစိုးရက ဆင်းရဲသားပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးသော တန်းတူညီမျှ ကျန်းမာရေးရန်ပုံငွေ (Health Equity Fund) နှင့် ထိခိုက်လွယ်အုပ်စုများကို လူမှုအကာအကွယ်ပေးရေး တိုးမြှင့်ပေးရန်အတွက် လူမှုကာကွယ်ရေးမူဝါဒ မူဘောင် (Social Protection Policy Framework) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု**

လယ်ယာစိုက်ပျိုးရေးသည် နိုင်ငံရှိလူဦးရေ ၆၀ ရာခိုင်နှုန်းခန့်အတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးလျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ဆည်မြောင်းတူးဖော်ခြင်းစနစ်များနှင့် ကျေးလက်လမ်းများကဲ့သို့ ကျေးလက်ဒေသအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးအပြင် လုပ်ကွက်ငယ်တောင်သူများအတွက် ငွေကြေး၊ နည်းပညာနှင့် သင်တန်းများ တိုးမြှင့်ပေးရန်အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါသည်။

**ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု**

ပညာရေးဆိုင်ရာအရည်အသွေး ပိုမိုကောင်းမွန်စေရန်၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများရရှိရေးနှင့် အရည်အသွေးကောင်းမွန်တိုးတက်လာစေရန်အတွက် ကျေးလက်ဒေသများတွင်ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော အခြေခံဝန်ဆောင်မှုများ ရရှိအောင် တိုးမြှင့်ဆောင်ရွက်ပေးရန် မဟာဗျူဟာများ၊ အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါသည်။

**ခမာနီခေတ်အလွန်ကာလ (၁၉၇၉-၁၉၉၁) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ**

ကမ္ဘောဒီးယားနိုင်ငံတွင် ၁၉၇၉ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ ခမာနီခေတ်၏ နောက်ပိုင်းခေတ်ကို ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကာလတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ အစိုးရအသစ်သည် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် ကျေးလက်နေပြည်သူလူထု၏ စီးပွားရေးအခြေအနေများနှင့် လူနေမှုအဆင့်အတန်းများ တိုးတက်လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အမျိုးမျိုးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါသည်။

လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်လာစေရေးအပါအဝင် ဈေးကွက်ရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးမြှင့်တင်ပေးရန် လမ်း၊ တံတားများဆောက်လုပ်ခြင်း၊ ဆည်မြောင်းသွယ်ခြင်းနှင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများအပါအဝင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် လယ်သမားသမဝါယမအသင်းများ ထူထောင်ခြင်း၊ ချေးငွေအစီအစဉ်များနှင့် တိုးချဲ့ဝန်ဆောင်မှုလုပ်ငန်းများနှင့်အတူ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်နှင့် စာမျက်နှာ ၁၇ သို့ ✳

> ❛ကမ္ဘောဒီးယားနိုင်ငံသည် ဆယ်စုနှစ် အနည်းငယ်ကျော်အတွင်း ဆင်းရဲမှုလျှော့ချခြင်းလုပ်ငန်းစဉ်တွင် သိသိသာသာတိုးတက်လာခဲ့ပြီး ကမ္ဘာ့ဘဏ်၏အဆိုအရ နိုင်ငံ၏ ဆင်းရဲမှုနှုန်းမှာ ၂၀၀၇ ခုနှစ်တွင် ၄၇ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၁၃ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးကဏ္ဍများတွင် အခြေခံဝန်ဆောင်မှုများရရှိမှု တိုးတက်လာခြင်းအပါအဝင် စိုက်ပျိုးရေး၊ အထည်ချုပ်လုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍများတွင် စီးပွားရေးတိုးတက်မှု အားကောင်းလာခြင်းတို့က ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူဖြစ်❜

✳ စာမျက်နှာ ၁၆ မှ

အထွက်နှုန်းတိုးပွားလာစေရန် သီးနှံစပ်မျိုးများနှင့် ဓာတုဗေဒဓာတ်မြေဩဇာများ အသုံးပြုခြင်းကဲ့သို့သော ခေတ်မီစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ အသုံးပြုခြင်းကို အားပေးလုပ်ဆောင်စေခဲ့ပါသည်။ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (UNDP) ကဲ့သို့သော အဖွဲ့အစည်းများနှင့် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) တို့က ကမ္ဘောဒီးယားနိုင်ငံရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအတွက် နည်းပညာအကူအညီများ၊ သင်တန်းများနှင့် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရသည်။

**သို့ရာတွင် ခမာနီခေတ်အပြီး နောက်ပိုင်းခေတ်သည် နိုင်ငံရေးမတည်ငြိမ်မှုများနှင့် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသောခေတ်ဖြစ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် ပတ်သက်သည့်အောင်မြင်မှုများကို အဟန့်အတားဖြစ်စေခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် ခမာနီခေတ်၏ အမွေဆိုးသည် အခြေခံအဆောက်အအုံနှင့် လူ့အရင်းအမြစ်ပျက်စီးခြင်းအပါအဝင် ကျေးလက်ဒေသများ၏ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် သိသာထင်ရှားသည့် စိန်ခေါ်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။**

> **“ခမာနီခေတ်အပြီး နောက်ပိုင်းခေတ်သည် နိုင်ငံရေးမတည်ငြိမ်မှုများနှင့် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသောခေတ်ဖြစ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့်ပတ်သက်သည့် အောင်မြင်မှုများကို အဟန့်အတားဖြစ်စေခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် ခမာနီခေတ်၏ အမွေဆိုးသည် အခြေခံအဆောက်အအုံနှင့် လူ့အရင်းအမြစ်ပျက်စီးခြင်းအပါအဝင် ကျေးလက်ဒေသများ၏ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် သိသာထင်ရှားသည့် စိန်ခေါ်မှုများဖြစ်ပေါ်စေခဲ့”**

**လယ်ယာစိုက်ပျိုးရေးနှင့်**
**ကူးသန်းရောင်းဝယ်ရေးအစီအစဉ် (၁၉၉၃-၂၀၀၁)**

ကျေးလက်ဒေသရှိ အိမ်ထောင်စုများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းများ တိုးတက်လာစေရန် လယ်ယာစိုက်ပျိုးရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မြှင့်တင်ပေးရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ကူးသန်းရောင်းဝယ်ရေးအစီအစဉ် (ADCP)ကို နိုင်ငံတကာအဖွဲ့အစည်းများ၏အကူအညီဖြင့် ၁၉၉၃ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်အကြား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ **အဓိကအပိုင်းလေးပိုင်းကို ဆောင်ရွက်ခဲ့ပြီး** လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သုတေသနနှင့် တိုးချဲ့မှု၊ ဈေးကွက်ရှာဖွေရေးနှင့် စီမံဆောင်ရွက်မှု၊ ကျေးလက်ဒေသဘဏ္ဍာငွေရရှိမှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုပိုင်းတွင် သီးနှံမျိုးသစ်များနှင့် မိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ စဉ်ဆက်မပြတ် လယ်ယာစိုက်ပျိုးရေးအလေ့အထများ တိုးမြှင့်ပေးခြင်းနှင့် တောင်သူလယ်သမားများကို နည်းပညာအကူအညီနှင့် သင်တန်းများပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။

ဈေးကွက်ရှာဖွေရေးနှင့် စီမံဆောင်ရွက်မှုအပိုင်းသည် ဈေးကွက်ချိတ်ဆက်မှုများ ထူထောင်ပေးခြင်း၊ ကူးသန်းရောင်းဝယ်ရေး အခြေခံအဆောက်အအုံများ မြှင့်တင်ပေးခြင်းနှင့် ရိတ်သိမ်းချိန်လွန် စီမံဆောင်ရွက်မှုနှင့်ပတ်သက်၍ သင်တန်းများပေးခြင်း၊ လုပ်ကွက်ငယ်တောင်သူများအတွက် ငွေကြေးထောက်ပံ့မှု တိုးမြှင့်ပေးရန် ကျေးလက်ဒေသချေးငွေအစီအစဉ်များ ထူထောင်ပေးခြင်းတို့ ပါဝင်သည်။

အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုအပိုင်းသည် အစီအစဉ်အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ရေရှည်တည်တံ့မှုတို့ကို အထောက်အကူဖြစ်စေရန် အစိုးရအေဂျင်စီများ၊ သုတေသနသင်တန်းကျောင်းများနှင့် တောင်သူလယ်သမားအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်ဖြစ်သည်။

ADCP သည် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများနှင့် ဆီထွက်သီးနှံများကဲ့သို့သော သီးနှံအသစ်များ မိတ်ဆက်ပေးခြင်းနှင့်အတူ လယ်ယာစိုက်ပျိုးရေးတိုးမြှင့်ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိခဲ့သည်။ ထိုအစီအစဉ်သည် အသေးစား လယ်ယာစိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများ အရေအတွက်တိုးပွားလာမှုနှင့် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များအတွက် ဈေးကွက်အသစ် ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်အတူ စိုက်ပျိုးရေးကဏ္ဍကို စီးပွားဖြစ်ဖွံ့ဖြိုးတိုးတက်စေရန်လည်း အထောက်အကူဖြစ်စေပါသည်။

သို့ရာတွင် အဆင်းရဲဆုံးလူတန်းစားများနှင့် အထိခိုက်အလွယ်ဆုံး ကျေးလက်ဒေသအိမ်ထောင်စုများထံ ရောက်ရှိအောင်ဆောင်ရွက်ပေးခြင်းနှင့် လုပ်ကွက်ငယ်တောင်သူများအတွက် မြေယာပိုင်ဆိုင်မှု၊ ဘဏ္ဍာငွေရရှိမှုနှင့် ဈေးကွက်ရရှိမှုတို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းခြင်းတို့၌ စိန်ခေါ်မှုများစွာ တွေ့ကြုံခဲ့ရသည်ကို တွေ့ရသည်။

ခြုံငုံကြည့်လျှင် ADCP သည် လယ်ယာစိုက်ပျိုးရေးနှင့် ကူးသန်းရောင်းဝယ်ရေးကို အထောက်အကူပြုပြီး ကျေးလက်အိမ်ထောင်စုများစွာ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်စေရန် အကူအညီပေးခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံအတွင်း အဓိကကျသောဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုတစ်ခု ဖြစ်ခဲ့သည်။ (ဆက်လက်ဖော်ပြပါမည်)

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂၃၀ စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၃၀-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၉-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၀-၉-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၃၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၀-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၇၀ | ၂၁၉၀ | ၂၁၇၅ | ၂၁၅၅ | ၂၂၅၅ | ၂၂၇၀ | ၂၁၆၀ | ၂၁၇၀ | ၂၂၀၅ | ၂၂၁၀ | ၂၂၁၀ | ၂၄၄၀ | ၃၂၅၀ |
| 95 Ron | ၂၂၁၅ | ၂၂၆၅ | ၂၂၆၀ | ၂၂၂၅ | ၂၂၆၀ | ၂၂၈၅ | ၂၂၇၀ | ၂၂၅၀ | ၂၃၄၅ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၃၅ | ၃၃၅၀ |
| HSD (500 ppm) | ၂၅၄၀ | ၂၅၈၅ | ၂၅၈၀ | ၂၅၄၅ | ၂၅၈၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၅၇၅ | ၂၅၈၅ | ၂၆၂၅ | ၂၆၂၅ | ၂၆၂၅ | ၂၈၅၅ | ၃၃၅၀ |
| HSD (50 ppm) | ၂၅၈၀ | ၂၆၂၅ | ၂၆၂၅ | ၂၅၈၅ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၀ | ၂၇၃၀ | ၂၇၂၅ | ၂၆၁၅ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၉၅ | ၃၄၁၀ |
| HSD (10 ppm) | ၂၅၈၀ | ၂၆၂၅ | ၂၆၂၅ | ၂၅၈၅ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၀ | ၂၇၃၀ | ၂၇၂၅ | ၂၆၁၅ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၉၅ | ၃၄၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၅ | ၂၀၈၉ |
| 95 Ron | ၂၁၀၆ | ၂၁၈၁ |
| HSD (500 ppm) | ၂၄၁၈ | ၂၄၉၆ |
| HSD (50 ppm) | ၂၄၅၇ | ၂၅၃၆ |
| HSD (10 ppm) | ၂၄၅၇ | ၂၅၃၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




## ရွှေပြည်သာမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ

ရွှေပြည်သာ စက်တင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ မြို့နယ်မီးသတ်ဦးစီးဌာန သင်တန်းခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၃) ဆင်းပွဲအခမ်းအနားကျင်းပသည်။

**ရည်ရွယ်ဖွင့်လှစ်**

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းညွန့်က မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် နိုင်ငံတော်၏ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့မှ ကာကွယ်တားဆီး စောင့်ရှောက်ရေးတာဝန်အပြင် အရေးကြုံလာပါက လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကိုပါ ထမ်းဆောင်နိုင်ကြရန်အတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များကို မီးသတ်ပညာနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်စေရန်နှင့် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်(၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စည်းကမ်းကောင်းမွန်ပြီး စွမ်းရည်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုများရရှိကြသော သင်တန်းသား တပ်ဖွဲ့ဝင်သုံးဦး၊ သင်တန်းဆင်းလက်မှတ်များနှင့် တူညီဝတ်စုံ အစုံ ၅၀ ကို သက်ဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြင့်ဦး**

# လွိုင်ကော်မြို့၌ ကိုယ်တိုင်ထုတ်၊ ကိုယ်တိုင်ရောင်းချသူများ အခွန်လွတ်ဈေး ဖွင့်လှစ်ရောင်းချ



**လွိုင်ကော် စက်တင်ဘာ ၃၀**

ကယားပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်၊ ကုန်ဈေးနှုန်း တည်ငြိမ်မှုရှိစေရန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် လွိုင်ကော်မြို့ ဒေါဦးခူရပ်ကွက်တွင် ကိုယ်တိုင်ထုတ်၊ ကိုယ်တိုင်ရောင်းချလျက်ရှိသည့် အခွန်လွတ်ဈေးသို့ ယနေ့နံနက်ပိုင်းက ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ကိုယ်တိုင် ရောင်းချသူများဈေးတွင် ကယားပြည်နယ် ဆန်လုပ်ငန်းရှင်များအသင်းနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က ဆန်နှင့် ဆီတို့ကို လည်းကောင်း၊ ကိုယ်တိုင်စိုက်/မွေးတောင်သူများက ခြံထွက် ဟင်းသီးဟင်းရွက်များနှင့် ကြက်ဥ၊ ဘဲဥ၊ ငါး တို့ကို လည်းကောင်း၊ ပြည်တွင်းစက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက လာရောက်ဝယ်ယူ အားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကိုယ်တိုင်ထုတ်၊ ကိုယ်တိုင်ရောင်းချသူများ ဈေးတွင် အခြေခံ စားသောက်ကုန်များကို နေ့စဉ် နံနက် ၆ နာရီမှ စတင်၍ ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိပြီး မည်သူမဆို လွတ်လပ်စွာ လာရောက်ဝယ်ယူနိုင်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကုန်သွယ်/စီးပွား

# စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**စစ်တွေ စက်တင်ဘာ ၃၀**

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်းစာရင်းများအရ ပို့ကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၄၈ သန်းဖြစ်ရာ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၄၈ သန်း ဆောင်ရွက်နိုင်မှုရှိကြောင်း သိရသည်။

တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများ အနေဖြင့် မန်ကျည်းစေ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းဖြင့် ၃၀၄ တန်၊ နနွင်းတက် တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၁၂၀၀ နှုန်းဖြင့် နှစ်တန်၊ ဆီးဖတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ နှုန်းဖြင့် ၃၈၂ တန်၊ ချင်းအစို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ နှုန်းဖြင့် ၁၄ တန်၊ ချင်းခြောက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ နှုန်းဖြင့် လေးတန်၊ အုန်းသီးခြောက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ နှုန်းဖြင့် ၄၈ တန်၊ ငါးမြစ်ချင်း (၁-၂) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၅၀ နှုန်းဖြင့် ၂၀ ဒသမ ၂၅၆ တန်၊ ငါးမြစ်ချင်း (၂-၃) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၈၀ နှုန်းဖြင့် ၂၆ ဒသမ ၆၄ တန်၊ ငါးမြစ်ချင်း (၃-၅) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၂၀ နှုန်းဖြင့် ၁၄ ဒသမ ၁၆ တန်၊ ငါးသိုင်းခေါင်းပွ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၀၀ နှုန်းဖြင့် ၆ ဒသမ ၀၄၈ တန်နှင့် ဆီးယိုထုပ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၀ နှုန်းဖြင့် ၆၇ တန်တို့ကို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**(DOT စစ်တွေ)**

# လာမည့် သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် မြေထည်ဆီမီးခွက်များ ရောင်းအားမြင့်တက်

**မန္တလေး စက်တင်ဘာ ၃၀**

လာမည့် သီတင်းကျွတ် မီးထွန်းပွဲတော်အတွက် မြေထည်ဖြင့် ပြုလုပ်သည့် မြန်မာ့ရိုးရာ ဆီမီးခွက်များ မန္တလေးဈေးကွက်တွင် ယခင်နှစ်များထက် ရောင်းအားသုံးဆ မြင့်တက်လာကြောင်း မန္တလေးမြို့မှ ပြုံးပန်းသာ မြေထည်လုပ်ငန်းမှ မအေးအေးမြင့်က ပြောသည်။

ယခု သီတင်းကျွတ်ရာသီတွင် ဆီမီးထွန်းညှိပူဇော်ရန် မြေထည်ဆီမီးခွက်များကို ဒီဇိုင်းအသစ်များနှင့် အရောင်အသွေးစုံလင်စွာ တီထွင်ဖန်တီး ထုတ်လုပ်ထားခြင်းဖြစ်ရာ လက်ရှိဈေးကွက်တွင် လာရောက် ဝယ်ယူသူထက် အွန်လိုင်းဖြင့်မှာယူသူ ပိုမိုများပြားကြောင်း သိရသည်။

"ဒီနှစ်ထုတ်တဲ့ ဒီဇိုင်းက အဆင်သင့် မီးထွန်းနိုင်အောင် ဖယောင်းလောင်းပေးထားတဲ့အပြင် ဒီဇိုင်းတွေကို အမျိုးအစား ငါးမျိုး၊ ခြောက်မျိုး တီထွင်ထုတ်လုပ်ပြီး ဒီဇိုင်းတစ်မျိုးမှာ အရောင် ခုနစ်မျိုး ထုတ်လုပ်ထားတော့ ဝယ်တဲ့သူတွေ နှစ်သက်ကြလို့ မနှစ်ကထက် ရောင်းအားသုံးဆလောက်မြင့်လာတာပါ။ ဒါ့အပြင် မှာတဲ့သူရဲ့ စိတ်ကြိုက် ဒီဇိုင်းပုံစံတွေလည်း လုပ်ပေးပါတယ်" ဟု ၎င်းက ပြောသည်။

ယခုနှစ်တွင် ဖယောင်းလောင်းပေးထားသည့် ဆီမီးခွက်များ တီထွင်ထုတ်လုပ်လာခြင်းနှင့် အတူ အွန်လိုင်းဈေးကွက် တွင်ကျယ်လာခြင်းကြောင့် မှာယူသူများပြားလာကြောင်း၊ လက်ရှိတွင် မြေထည်ဆီမီးခွက်များကို မန္တလေးမြို့ ဝန်းကျင်ဒေသများ သာမက ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ အဓိကမှာယူမှုများပြားကြောင်း သိရသည်။

"ရှမ်းပြည်နယ်က မြို့နယ်တိုင်းလိုလို မှာကြသလို တာချီလိတ်၊ တောင်ကြီးဘက်က အမှာများတယ်။ တနင်္သာရီဘက်ကဆိုရင် ကျွန်မတို့ မြေထည်ဆီမီးခွက်တွေကို မှာယူပြီး ထိုင်းနိုင်ငံကို တင်ပို့တယ်လို့ သိရတယ်။ ဆီမီးခွက်ထဲမှာ ဖယောင်းထည့်လိုက်လို့ ရောင်းအား ပိုသွက်လာတယ်။ မြေထည်ဆီမီးခွက် သုံးတော့ ဈေးချိုတဲ့အပြင် မကွဲမချင်းသုံးလို့ရတယ်။ ဒါ့အပြင် မြေထည်လုပ်ငန်းနဲ့ဆက်စပ် လုပ်ကိုင်သူတွေနဲ့ ပို့ဆောင်ရတဲ့ ကားဂိတ်တွေ အဆင်ပြေကြတယ်"ဟု ဆက်လက်ပြောကြားသည်။



မြေထည်ဆီမီးခွက် တစ်ခွက်လျှင် လက်ကားဈေးနှုန်းများအနေဖြင့် ရွှေရောင်ငွေရောင်ချယ်သမှုနှင့် အခြားအရောင်ချယ်သမှု၊ ဖယောင်း လောင်းထားသည့် အပေါ်မူတည်၍ ဈေးနှုန်းကွာခြားပြီး အနိမ့်ဆုံး ၂၂ ကျပ်မှ အများဆုံး ငွေကျပ် ၄၀၀ ကျော်ထိရောင်းချကြောင်း၊ အွန်လိုင်းဈေးကွက်တွင်ကျယ်လာခြင်းနှင့် တီထွင်ဖန်တီးမှုများကြောင့် မြေထည်ဆီမီးခွက်ဈေးကွက်မှာ ယခင်နှစ်များထက် ရောင်းအားပိုမိုကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**



# သာပေါင်းမြို့နယ်၌ ပြည်သူများအတွက် ငါးများ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**သာပေါင်း စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှု၊ သာပေါင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ အများပြည်သူများ ဈေးနှုန်းချိုသာစွာ ငါးစားသုံးနိုင်စေရေးအတွက် ငါးဖယ်၊ ငါးဖယ်အောင်း၊ ငါးအိုက်၊ ငါးကြွင်းလုံး၊ ငါးခေါင်းပွ၊ ငါးရံ့၊ ကပ်သပိုး၊ ငါးနုသန်းငါးများကို တစ်ပိဿာငွေကျပ် ၂၅၀၀ ဈေးဖြင့် ပိဿာချိန် ၈၀ အား လှေကြီးတက်အုပ်စု လှေကြီးတက်ရွာဈေးရှေ့တွင် စက်တင်ဘာ၂၉ ရက် နံနက် ၇ နာရီက ရောင်းချပေးခဲ့သည်။

အဆိုပါဈေးကားဖြင့် ငါးရောင်းချရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဇေယျာထိုက်၊ လှေကြီးတက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးသိမ်းနှင့် ဝန်ထမ်းများက ငါးများရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုရီးယားထုတ်ကုန် ဈေးရောင်းပွဲတော် ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာပရိသတ်အကြိုက် ကိုရီးယားထုတ်ကုန်ဈေးရောင်းပွဲတော်ကို ယနေ့နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ INNO City အိမ်ရာမျက်နှာစာ၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် Myanmar Multicultural Family Association နှင့် ကိုရီးယားမြန်မာအဖွဲ့အစည်းတို့မှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဈေးရောင်းပွဲတော်ကို ဖွင့်လှစ်ပေးသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ကိုရီးယားထုတ်အင်္ကျီများ၊ အဝတ်အထည်များ၊ ဘောင်းဘီ၊ ရှပ်အင်္ကျီ၊ ပိုလိုရှပ်နှင့် အနွေးထည် အင်္ကျီအထူများ၊ မြန်မာများကြိုက်နှစ်သက်သည့် ကိုရီးယားထမင်းလိပ်၊ ငါးအသားချောင်းများ၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများ၊ အဖျော်ယမကာများ၊ အလှအပနှင့် သက်ဆိုင်သည့်ပစ္စည်းများ၊ မြန်မာမုန့်မျိုးစုံတို့ကို ခင်းကျင်းပြသရောင်းချပေးကြသည်။

Myanmar Multicultural Family Association မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဈေးရောင်းပွဲတော်တွင် ရောင်းချရငွေများကို မြန်မာနိုင်ငံရောက် ကိုရီးယား-မြန်မာ မိသားစုများက အခက်အခဲရှိသူများကို လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ကိုရီးယားထုတ်ကုန် ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၁ ရက်ထိ နေ့စဉ် နံနက် ၁၀ နာရီမှညနေ ၅ နာရီထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**



# ထိန်းသိမ်းစို့လေ ယဉ်ကျေးမှုအမွေ

ခင်ဇော်(သီတာကုန်းပြင်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင်ပါဝင်သော လူမှုရေးဦးတည်ချက်ဖြစ်သည့် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဆိုသည့် ဦးတည်ချက်အတိုင်း ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပပေးလျက်ရှိပါသည်။**




မြန်မာနိုင်ငံတွင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှစတင်၍ ၂၀၁၆ ခုနှစ်အထိ နှစ်စဉ်ကျင်းပခဲ့သည်။ ၂၀၁၇ ခုနှစ်မှစတင်၍ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပနိုင်ခြင်းမရှိဘဲ ငါးနှစ်ကြာ ရပ်ဆိုင်းထားသည်ကို တွေ့ရသည်။ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၂၀၂၂ ခုနှစ်မှစတင်၍ ပြန်လည်ကျင်းပပေးခဲ့ပါသည်။

**တိုင်းပြည်၏တန်ဖိုးကို အဆုံးအဖြတ်ပေး**

ယဉ်ကျေးမှုဟူသည် လူတို့၏ရုပ်ပိုင်း၊ စိတ်ပိုင်း နှစ်မျိုးစလုံးနှင့် သက်ဆိုင်လျက်ရှိသည်။ ယဉ်ကျေးမှုဆိုရာတွင် ယုံကြည်ကိုးကွယ်သည့် ဘာသာတရား၊ လူမှုဓလေ့ထုံးတမ်းအတွေးအခေါ် အယူအဆများ၊ ဝတ်စားဆင်ယင်မှု၊ ပွဲလမ်းသဘင်၊ ပန်းချီ၊ ပန်းပု၊ အနုသုခုမ၊ ဘာသာစကား၊ စာပေ စသည်တို့ အကျုံးဝင်သည်။ ထိုယဉ်ကျေးမှုသည် လူမျိုးအလိုက် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်စံ၊ ကိုယ်ပိုင်မှုများနှင့် ဖြစ်ထွန်းလာပြီး အမွေအနှစ်ကောင်းများဖြစ်စေရန် အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ကြရမည်။ နိုင်ငံတစ်နိုင်ငံသည် မည်မျှပင်ချမ်းသာကြွယ်ဝစေကာမူ ယဉ်ကျေးမှုကောင်းများ ခေါင်းပါးဆိတ်သုဉ်းနေပါလျှင် အချည်းနှီးသာဖြစ်သည်။ ယဉ်ကျေးမှုသည် တိုင်းပြည်၏ရတနာ၊ တိုင်းပြည်၏တန်ဖိုးကို အဆုံးအဖြတ်ပေးသည်။

သမိုင်းအစဉ်အလာကောင်းရှိသည့် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုတို့သည် ထိုနိုင်ငံ၏ လူမျိုးတည်ရှိနေသရွေ့ ပျောက်ကွယ်မသွားဘဲ တည်တံ့နေမည်ဖြစ်ပါသည်။ ခေတ်စနစ်များ မည်သို့ပင်ပြောင်းပြောင်း မျိုးဆက်တစ်ခုမှ တစ်ခုသို့ အဆင့်ဆင့်လက်ဆင့်ကမ်း သယ်ဆောင်လာပြီး တည်တံ့နေရန် အရေးကြီးပါသည်။ ထိုကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်များကို ခေတ်ကာလ၏ တိုးတက်ပြောင်းလဲမှုအစဉ်မှာ အရိုးပေါ်အရွက်မဖုံးစေဘဲ ဆက်လက်ရှင်သန်ဖွံ့ဖြိုးပြီး တည်တံ့နေရန် လူကြီးများရော အမွေဆက်ခံမည့် မျိုးဆက်သစ်များတွင်ပါ တာဝန်ရှိပါသည်။

မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသောတိုင်းရင်းသားများ စုပေါင်းနေထိုင်ရာနိုင်ငံဖြစ်သည်။ တိုင်းရင်းသားအသီးသီးတို့တွင် ကိုယ်ပိုင်ယဉ်ကျေးမှုများရှိကြသည်။ ထိုယဉ်ကျေးမှုများ မတိမ်ကော မပပျောက်အောင် ထိန်းသိမ်းကြရမည်ဖြစ်သည်။ ထိုသို့ ထိန်းသိမ်းရန်မှာ မျိုးဆက်သစ်တို့တွင် အဓိကတာဝန်ရှိပါသည်။ လူ့သက်တမ်းအလိုက် ပေါ်ပေါက်လာသော မျိုးဆက်သစ်တိုင်းက မိမိတို့၏ တိုင်းရင်းသားဓလေ့ထုံးစံ ရိုးရာအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းကြမှသာ ပျက်စီးပျောက်ကွယ်မှုဘေးမှ ကာကွယ်နိုင်မည်ဖြစ်သည်။

**"ယဉ်ကျေးမှုဟူသည် လူတို့၏ရုပ်ပိုင်း၊ စိတ်ပိုင်း နှစ်မျိုးစလုံးနှင့် သက်ဆိုင်လျက်ရှိသည်။ ယဉ်ကျေးမှုဆိုရာတွင် ယုံကြည်ကိုးကွယ်သည့် ဘာသာတရား၊ လူမှုဓလေ့ထုံးတမ်းအတွေးအခေါ် အယူအဆများ၊ ဝတ်စားဆင်ယင်မှု၊ ပွဲလမ်းသဘင်၊ ပန်းချီ၊ ပန်းပု၊ အနုသုခုမ၊ ဘာသာစကား၊ စာပေ စသည်တို့ အကျုံးဝင်သည်။ ထိုယဉ်ကျေးမှုသည် လူမျိုးအလိုက် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်စံ၊ ကိုယ်ပိုင်မှုများနှင့် ဖြစ်ထွန်းလာပြီး အမွေအနှစ်ကောင်းများဖြစ်စေရန် အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ကြရမည်။ နိုင်ငံတစ်နိုင်ငံသည် မည်မျှပင် ချမ်းသာကြွယ်ဝစေကာမူ ယဉ်ကျေးမှုကောင်းများ ခေါင်းပါးဆိတ်သုဉ်းနေပါလျှင် အချည်းနှီးသာဖြစ်သည်။ ယဉ်ကျေးမှုသည် တိုင်းပြည်၏ရတနာ၊ တိုင်းပြည်၏တန်ဖိုးကို အဆုံးအဖြတ်ပေး"**

မြန်မာနိုင်ငံတွင် ရာသီအလိုက် ကျင်းပလေ့ရှိသောပွဲတော်များရှိသည်။ ဥပမာအားဖြင့် မဟာသင်္ကြန်ပွဲတော်၊ ကဆုန်ညောင်ရေသွန်းပွဲတော်၊ သီတင်းကျွတ်မီးထွန်းပွဲတော်၊ တန်ဆောင်တိုင်ပွဲတော် စသည့်ပွဲတော်များကို ရိုးရာမပျက် ဆင်ယင်ကျင်းပကြသည်။ ထိုပွဲတော်များသည် မြန်မာ့ယဉ်ကျေးမှုနှင့် ဘာသာတရားကိုင်းရှိုင်းမှုတို့ကို ဖော်ပြသည့်ပွဲတော်များလည်းဖြစ်သည်။ ထို့အတူ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများသည်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ပြသသည့်ပွဲတော်ဖြစ်သည်။

**ရွက်ပုန်းသီးအနုပညာရှင်များ ပေါ်ထွက်**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပပေးခြင်းကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကြသည့် ရွက်ပုန်းသီးအနုပညာရှင်များ ပေါ်ထွက်လာတော့မည်ဖြစ်သည်။ ယခင်က (၂၃)ကြိမ်တိုင်တိုင် ကျင်းပပေးခဲ့ခြင်းကြောင့် ပြိုင်ပွဲမှ ထူးချွန်စွာ ပေါ်ထွက်လာသော အနုပညာသမားများ၏ အရေအတွက်မှာလည်း များစွာရှိခဲ့ပြီဖြစ်သည်။ ထူးချွန်သူ မြန်မာ့ရိုးရာအနုပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာခြင်းနှင့်အတူ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာသည်လည်း အစဉ်ရှင်သန်နေမည်ဖြစ်သည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပပြီး တိုင်းရင်းသားတို့၏ ရိုးရာအစဉ်အလာ ယဉ်ကျေးမှု အနုပညာများကို ထိန်းသိမ်းစောင့်ရှောက် ဖော်ထုတ် မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ မြင့်မားတိုးတက်စေမည်ဖြစ်သည်။ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမှသည် ပြည်ထောင်စုစိတ်ဓာတ်များ ခိုင်မာလာမည်ဖြစ်ပါသည်။

**မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်**

နိုင်ငံတစ်နိုင်ငံ၏ အနုပညာယဉ်ကျေးမှုသည် ထိုနိုင်ငံ၏ ပါဝါပင်ဖြစ်သည်။ နည်းပညာနှင့် Globalization ဖြစ်စဉ်တွင် မိမိနိုင်ငံက အနုပညာကိုယ်ခံအားမကောင်းပါက တိုင်းတစ်ပါးတို့၏ ယဉ်ကျေးမှုက လွှမ်းမိုးသွားလိမ့်မည်။ ထို့ကြောင့် အနုပညာယဉ်ကျေးမှုအားကောင်းရန်သည် အသက်တမျှ အရေးကြီးပါသည်။ အသက်ငင်နေသူပင် ဆေးကောင်းပါက ဆွဲဆန့်၍ရသေးသည်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် အသက်ဆက်ဆေးမဟုတ်ပါ။ အသက်ရှည်ဆေးဖြစ်ပါသည်။ ပြိုင်ပွဲကြီးကြောင့် ယနေ့လူငယ်လူရွယ်အပါအဝင် နိုင်ငံသားအားလုံး မျိုးချစ်စိတ် ပြန်လည်ထွန်းကားလာရေးကို မျှော်မှန်းနိုင်ပါမည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု ပြန်လည်ထွန်းကားလာခြင်းနှင့်အတူ မြန်မာ့အက၊ မြန်မာ့ဂီတတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့သည် တစ်ဖန်ပွင့်ဖူးလာကြပါမည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်သည် လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးနိုင်ပါလိမ့်မည်။

တစ်ဖန် တစ်ဆယ့်နှစ်လရာသီပွဲတော်များ အပါအဝင် မြန်မာ့ရိုးရာဓလေ့ထုံးတမ်း ယဉ်ကျေးမှုတိုင်းသည် မြန်မာလူမျိုးတိုင်း ပိုင်ဆိုင်ကြသည်ကိုလည်း နားလည်လာနိုင်ကြမည်။ ထို့ကြောင့် ယနေ့လူငယ်များသည် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်သည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို တိမ်ကောပျောက်ကွယ်မသွားစေရန် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကာကွယ်ထိန်းသိမ်းလုပ်ဆောင်သွားကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။





**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ။
- ယနေ့ခေတ်လူငယ်နှင့်မြန်မာ့ယဉ်ကျေးမှု ကိုဇော်(ယဉ်ကျေးမှု)။

ဝတ္ထုတို

■ ပိုင်ဆု(ပညာရေး)




(၁)

"ငါတော့ ဆရာလေးကို ဒီရွာကနေ အမြန်ပြောင်းစေချင်ပြီကွာ"

စိတ်ပျက်လက်ပျက်ဖြင့် အောင်ဘု ပြောလိုက်ခြင်းဖြစ်သည်။ ကျော်စွာက တော့ ဘာမှမပြောဘဲ ခေါင်းငုံ့နေသည်။ ဇော်ထိုက်ကတော့ အောင်ဘုအား မကျေနပ်သောပုံစံဖြင့် ကြည့်ရင်း ပြန်ပြောလိုက်သည်။

"မင်းတော်တော် အကျင့်မကောင်းတဲ့ ကောင်ပါလားကွာ။ ဆရာလေးက ငါတို့ အားလုံးအပေါ် အလွန်ကောင်းတာကို မင်းမို့လို့ ဒီလိုပြောရက်တယ်"

အောင်ဘု ဘာမှပြန်မပြောတော့ပေ။ ပါးပြင်မှစီးကျလာသော မျက်ရည်စတို့ကို ကျော်စွာနှင့် ဇော်ထိုက်မမြင်အောင် တစ်ဖက်သို့လှည့်၍သုတ်လိုက်သည်။

ကျော်စွာနှင့် ဇော်ထိုက်ပြောသလို ဆရာလေးသည် ကျောင်းသားတွေအားလုံး အပေါ် အလွန်ကောင်းပါသည်။ သူတို့ ရွာကျောင်းလေးကို စရောက်ကတည်းက ကျောင်းအတွက်ရော ကျောင်းသူ ကျောင်းသားတွေအတွက်ပါ အများကြီးကြိုးစား ပေးဆပ်ခဲ့သူဖြစ်သည်။ ယခုဆိုလျှင် ဆရာ လေး သူတို့ရွာကျောင်းကို ရောက်သည်မှာ သုံးနှစ်ရှိပြီဖြစ်သည်။ အောင်ဘုတို့ နှစ်တန်း ကတည်းက ဆရာလေး ရောက်လာခဲ့ပြီး ယခုဆိုအောင်ဘုတို့အုပ်စုပင် လေးတန်း ရောက်နေပြီဖြစ်သည်။

ကျော်စွာကတော့ ဘာတစ်ခွန်းမှ မပြောဘဲ သူတို့ထိုင်နေသော နေရာ၏ မျက်နှာစာတွင်ရှိသော ရေကန်ထဲသို့ ခဲလုံး တစ်လုံးပစ်ပေါက်လိုက်သည်။ အောင်ဘု ကတော့ လွယ်အိတ်ထဲမှလေးခွကို ထုတ် ရင်း ထိုင်နေရာမှ ထထွက်သွားတော့သည်။ ဇော်ထိုက်ကတော့ ကောင်းကင်ကို မော့ကြည့်ပြီး တစ်စုံတစ်ခုကို တွေးနေ သယောင်ယောင်။ တကယ်တော့ သူတို့ သုံးယောက်သည် ကျောင်း၌ စာအလွန် ညံ့ပြီး ရွာထဲကလူဆိုးစာရင်းသွင်းထား သော ကလေးငယ်များပင်ဖြစ်သည်။

(၂)

"မင်္ဂလာပါဆရာလေး"

"မင်္ဂလာပါကလေးတို့ ကဲ ထိုင်ကြပါ"

ဆရာလေး၏အမည်မှာ ဦးမိုးနိုင် ဖြစ်ပြီး အသက် ၃၀ ဝန်းကျင်ခန့် ဖြစ်သည်။ ဆရာလေးသည် ကျောင်းသား စာရင်းကိုယူပြီး စာရင်းဖြည့်လိုက်သည်။ ၁၀ ယောက်သာရှိသော လေးတန်း အခန်းတွင်လူမြင်တာနဲ့ နာမည်ခေါ်စရာ မလိုအောင် ဘယ်သူကျောင်းတက်တယ်၊ ဘယ်သူကျောင်းပျက်တယ်ဆိုတာ သိနိုင် ပါသည်။ ကျောင်းသားစာရင်းစာအုပ်တွင် အောင်ဘု၊ ဇော်ထိုက်နှင့် ကျော်စွာတို့၏ နေရာတွင် မင်နီဖြင့် ကြက်ခြေခတ်များ ခြစ်လိုက်သည်။

"ဒီနေ့လည်းအောင်ဘုတို့သုံးယောက် မလာပါလားကွ"

ဆရာလေး၏ အမေးစကားကြောင့် အတန်းထဲမှ အေးသီတာဆိုသော ကျောင်းသူလေးက မတ်တတ်ထရပ်ပြီး ဖြေလိုက်သည်။

"အောင်ဘုကိုတော့ မနက်က ငါးမျှားတံနဲ့ သိန်းတန်ချောင်းဘက်သွား တာတွေ့လိုက်တယ်ဆရာလေး။ ကျော်စွာ နဲ့ဇော်ထိုက်ကိုတော့ မသိဘူးဆရာလေး"

ဆရာလေး သက်ပြင်းချလိုက်မိသည်။ သိန်းတန်ချောင်းဆိုတာကတော့ ရွာထဲရှိ သိန်းတန်ဆိုသော အမျိုးသားတစ်ဦး ရေနစ်သေဆုံးရာမှ သိန်းတန်ချောင်းဟု အမည်တွင်သွားသော ချောင်းငယ်တစ်ခု ဖြစ်သည်။

ဆရာလေးလည်း ဆက်မေးမနေ တော့ဘဲ စာသင်နေလိုက်တော့သည်။ စာသင်နေရင်းမှ မနေ့က ဆရာလေး၏ အမေပို့လိုက်သော စာထဲမှအကြောင်း အရာများကို ပြန်သတိရမိသည်။

"သားရေ..နှစ်နှစ်ပြည့်ရင်ပြောင်းလို့ ရရဲ့သားနဲ့ သုံးနှစ်တောင်ရှိနေပြီနော်။ ဒီနှစ်တော့ မြို့ကို ပြန်ပြောင်းလာခဲ့ပါ။ အမေလည်းကျန်းမာရေးမကောင်းသလို သားရဲ့အရည်အချင်းနဲ့ မြို့ကျောင်းတွေ မှာ ဒီထက်မက နာမည်ရနိုင်ပါတယ်။"

"ဆရာလေး နံပါတ်နှစ်က ဆက်တွက် ရမှာလား"

ကျောင်းသားလေးတစ်ဦး၏ အမေး စကားကြောင့် ဆရာလေး၏အတွေးစများ ပြတ်တောက်သွားခဲ့ရသည်။ ဝေခွဲမရသော ဆုံးဖြတ်မှုတွေကြားထဲတွင် မည်သည့် အရာက ပို၍သင့်တော်သလဲဆိုတာ ဆရာ လေးအတွက် ခက်ခဲလွန်းလှပေသည်။ ဆင်းရဲနွမ်းပါးပြီးတိုးတက်ရန်အလှမ်းဝေး သေးသည့်ရွာကျောင်းလေးနှင့် သိပ်ချစ် ရသောမိခင်တို့၏ လွန်ဆွဲမှုကြားတွင် ဆရာလေး၏ ရပ်တည်မှုသည်ကား ပင်ပန်းခြင်းတွေဖြင့်သာ ပြည့်နှက်နေခဲ့ ရသည်။

(၃)

"မင်းတို့က ဘာလဲ ဆရာနဲ့စာသင် ရမှာစိုးလို့ကျောင်းမတက်တာလား"

ဆရာလေး၏မေးခွန်းကို အောင်ဘု၊ ကျော်စွာနှင့် ဇော်ထိုက်တို့ ဘာမှပြန်မဖြေ ဘဲ ပြိုင်တူခေါင်းခါလိုက်ကြသည်။ သူတို့ သုံးယောက်အား ဆရာလေးသည် ကျောင်းလွှတ်ချိန်တွင် ကျောင်းသို့လာရန် အတန်းထဲမှ ကျောင်းသားတစ်ယောက် ဖြင့် မှာလိုက်ခြင်းဖြစ်သည်။ သူတို့ သုံးယောက်ကလည်း ကျောင်း မည်မျှပင် ပျက်ပါစေ ဆရာလေးခေါ်လျှင်တော့ ရောက်လာတတ်ကြသည်။

"ကဲ ဒါဆို ဘာလို့ပျက်ကြတာတုန်း ကွ"

"ဆရာလေး သားက ကျောင်းပျက် ချင်လို့ ပျက်တာမဟုတ်ပါဘူး။ ခြေထောက် ကို သံစူးထားလို့ မတတ်နိုင်လို့ပါ ကောင်း တာနဲ့ပြန်တက်မှာပါ"

သူတို့သုံးယောက်ထဲတွင် စကား အတတ်ဆုံးဖြစ်သော ကျော်စွာက ပတ်တီးစီးထားသော ခြေထောက်ကို ပြရင်း ဆင်ခြေပေးလိုက်သည်။ မဆိုင်း မတွမှာပင် ဇော်ထိုက်ကလည်းဖြေလိုက် သည်။

"သားက အမေနေမကောင်းလို့ပါ ဆရာလေး။ အမေက ဒီနေ့မှသက်သာ လို့ပါ။ မနက်ဖြန်ပြန်တက်မှာပါ ဆရာလေး"

ကလေးနှစ်ယောက်၏ အဖြေကိုယ်စီ ကြောင့် ဆရာလေးလည်းပြုံးလိုက်သည်။ ထို့နောက် ဆရာလေးသည် ဘာမှ ဆက်မမေးတော့ဘဲ အောင်ဘုကို စိုက် ကြည့်လိုက်သည်။ အောင်ဘုသည် မဖြစ် မနေဖြေရတော့မည်ကို ကြိုသိနေပုံရ သည်။ တံတွေးကိုမျိုချရင်း ဆင်ခြေပေးဖို့ အချိန်ယူလိုက်သည်။

"အမေနဲ့ ဆရာလေးကြောင့် သား ကျောင်းမတက်ဖြစ်တာပါဆရာလေး"

"ဟင်" ဆရာလေးသည် အောင်ဘု အဖြေကြောင့် အံ့အားသင့်သွားခဲ့ရသည်။

"ဘယ်လိုဖြစ်ရတာတုန်း အောင်ဘု ရယ် ဆရာ့ကို ပြောပြပါဦး"

"သား ဆရာလေးကို တကယ်ချစ် ပါတယ်။ ဒါပေမဲ့ သားက အရမ်းညံ့တယ်။ မလိမ္မာဘူး။ အမေကလည်း သားမလိမ္မာ တိုင်း နင်တို့ကိုသင်ပေးနေတဲ့ဆရာလေး ကိုအားမနာဘူးလား အမြဲပြောတယ်။ သား ဆရာလေးကိုအားနာပါတယ်။ ဒါပေမဲ့ သားပြင်မယ်ကြိုးစားလိုက် မပြင်ဖြစ်လိုက် နဲ့ဘာဖြစ်လို့ဖြစ်မှန်းမသိဘူး။ ဟိုနေ့က အမေကပြောတယ်။ နင်တို့ဆရာလေးက နင်တို့လို မတိုးတက်မယ့်ကောင်တွေကို အချိန်ကုန်ခံပြုပြင်ပေးနေရင်းနဲ့ သူ့ဘဝ ရေတိမ်နစ်နေတာတဲ့။ ဆရာလေးမှာမြို့က နေမကောင်းတဲ့ အမေလည်း ရှိတယ်တဲ့။ ဆရာလေးက မြို့လိုနေရာက ကျောင်း ကောင်းတွေနဲ့ပဲထိုက်တန်တာတဲ့။ နင်တို့ ဆရာလေးကို တကယ်ချစ်ရင် ဆရာလေး မြို့ကိုပြောင်းရပါစေ ဆုတောင်းတဲ့ ဒါကြောင့်"

"ဆက်မပြောနဲ့တော့ အောင်ဘု။ ဆရာနားလည်ပြီ"

ပါးပြင်မှစီးကျလာသောအောင်ဘု၏ မျက်ရည်များကို ဆရာလေး ညင်သာစွာ သုတ်ပေးလိုက်သည်။ ဆရာလေး၏ ရင်ထဲတွင်လည်း ဘယ်သူမှမသိသော မျက်ရည်မိုးများရွာနေခဲ့သည်။ ဆရာလေး ၏ အမေအကြောင်းကို ဘယ်သူမှ မသိ ပေမယ့် အောင်ဘု၏အမေ သိနေခြင်းမှာ ဆန်းတော့မဆန်းပေ။ ဆရာလေး၏ အမေပို့လိုက်သောစာကို လူကြုံယူလာခဲ့ သူမှာ အောင်ဘု၏အမေပင်ဖြစ်သည်။ စာကိုဖွင့်ဖောက်ဖတ်ရာမှ သိသွားဟန် ရှိသည်ဟုသာ ဆရာလေးကောက်ချက် ချလိုက်သည်။

"အောင်ဘု၊ ကျော်စွာ၊ ဇော်ထိုက် ဆရာလေး သေချာပြောမယ် နားထောင်၊ လူတစ်ယောက်ဟာ မြို့မှာနေသည် ဖြစ် စေ၊ တောမှာနေသည်ဖြစ်စေ မိမိ ကိုယ်တိုင်က တိုးတက်ချင်စိတ်ရှိမှ တိုးတက်မှာ။ အားငယ်တယ်၊ စိတ်ပျက် တယ်ဆိုတာ လူပျော့လူညံ့တွေအလုပ် မင်းတို့သုံးယောက်ကို ဆရာအချိန်ပို အမြဲ ခေါ်သင်ပေးတယ်။ မင်းတို့စိတ်ထဲမှာ ဘာမှမထူးဘူး ဘာမှဖြစ်မလာဘူးလို့ တွေးရင် တကယ်လည်း ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ အေး ဖြစ်ချင်တဲ့စိတ်ဆန္ဒရယ်၊ ကြိုးစားအားထုတ်မှုရယ် ပေါင်းစပ်မှ မင်းတို့တွေ အောင်မြင်လာမှာ ဒီကျောင်း မှာ ဆရာရှိသည်ဖြစ်စေ ဆရာမရှိသည် ဖြစ်စေ ဘယ်ဆရာ ဆရာမနဲ့ပဲသင်သင် ဆရာ ဆရာမတွေကတော့ ပေးမှာပဲ။ ယူရ မှာကမင်းတို့တာဝန် ဆရာ့ကို တကယ် ချစ်တယ်ဆိုရင် မင်းတို့တွေဘာမှမလုပ်နဲ့ ကြိုးစားချင်တဲ့စိတ်ကလေးကို မွေးပြီး တကယ်ကြိုးစားပေးကြပါကွာ"

ဆရာလေး၏ ပြောစကားတွင် ဝမ်းနည်းသောအသံများ ပါဝင်နေပါသည်။ အောင်ဘုတို့သုံးယောက်လုံး၏ မျက်ဝန်း အိမ်မှာလည်း မျက်ရည်ကိုယ်စီနှင့်။ ဆရာ လေးသည် သူတို့သုံးယောက်အား ရင်ခွင် ထဲသို့ပွေ့ဖက်ဆွဲသွင်းလိုက်သည်။ ဆရာ လေး၏ ကျသွားသောမျက်ရည်ကိုတော့ အောင်ဘုတို့သုံးယောက်မသိလိုက်ပေ။

(၄)

"ဆရာလေး မြို့ကပြန်လာရင် သား အတွက်မုန့်ဝယ်ခဲ့နော်"

"ဇော်ထိုက် မင်းကလည်းတော်ကြီးကျ တယ်။ ဆရာလေးကျန်းမာရေးဂရုစိုက်ပြီး မြန်မြန်ပြန်လာနော်"

ကျော်စွာနှင့် ဇော်ထိုက်တို့၏ အမှာ စကားများကို ဆရာလေးက ပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။ အောင်ဘုက တော့ မျက်ရည်များရစ်ဝဲလျက်။

"အောင်ဘု မင်းပြောတော့ ဆရာကို မြို့ပြောင်းစေချင်တယ်ဆို အခုဆရာက မြို့ခဏပြန်တာလေကွာ။ ခဏလေး ပြန်တာကို မင်းက ဘာလို့ငိုနေရတာလဲ။ ကဲ ဆရာ့ကိုဘာမှာမလဲပြော။"

ဆရာလေးသည် အောင်ဘုအား ရယ်သွမ်းသွေးရင်း ပြောလိုက်သည်။ ကျော်စွာနှင့် ဇော်ထိုက်ကတော့ အားရ ပါးရရယ်မောနေကြသည်။

"ဆ ဆရာလေး ရော့ ဒီ ဒီစာကို စက်လှေထွက်မှဖတ်နော်"

အောင်ဘုသည်ငိုရင်း ဆရာလေး၏ လက်ထဲသို့ စာတစ်စောင်ထည့်ပေးလိုက် သည်။ ဆရာလေး၏ ရင်ထဲတွင်လည်း ဆို့နင့်သွားပေမယ့် ဟန်ဆောင်ပြုံးဖြင့် အောင်ဘု၏ ခေါင်းလေးကို ပုတ်လိုက် သည်။ ထို့နောက် စက်လှေပေါ်သို့တက် လိုက်သည်။ စက်လှေထွက်သည်နှင့် အောင်ဘုတို့သုံးယောက်ကိုလက်ပြလိုက် သည်။ ကျော်စွာနှင့်ဇော်ထိုက်ကလက်ပြ ရင်း "ဆရာမြန်မြန်ပြန်လာခဲ့နော်" ဟု မှာပေမယ့် အောင်ဘုကတော့ လက်ပြ နှုတ်ဆက်ခဲ့ခြင်းမရှိပေ။

ဆရာလေးလည်း ကြေကွဲစွာလက်ပြ ရင်း ကျောခိုင်းနှုတ်ဆက်ရသည့် အရသာ ဟာ ပူလောင်မှန်း လက်တွေ့ခံစားလိုက်ရ သည်။ တကယ်တော့ ဆရာလေးသည် မြို့ကျောင်းသို့ အပြီးတိုင်ပြောင်းရပြီဖြစ် သည်။ အောင်ဘုတို့အပါအဝင် ကျောင်း သူ ကျောင်းသားများ ရွာသူရွာသားများ၏ ဝမ်းနည်းကြေကွဲခြင်းကို ဆရာလေး မမြင်လိုပါ။ နှုတ်ဆက်ပွဲတွေကိုလည်း ဆရာလေးမလုပ်စေလိုပါ။ ထို့ကြောင့်ပင် ကျောင်းအုပ်ဆရာမကြီးနှင့် ရွာလူကြီး တို့ကို တိတ်တဆိတ်အကူအညီတောင်း ရင်း ယခုလိုခေတ္တခဏသွားဟန်ဖြင့် အကူ အညီ တောင်းလိုက်ရခြင်းဖြစ်သည်။

ကျောင်းအုပ်နှင့် ရွာလူကြီးက နှုတ်ဆက်ပွဲလေးဖြင့် အသိပေးစေချင် ပေမယ့် ဆရာလေးက အနူးအညွတ် တောင်းဆိုမှုကြောင့် လိုက်လျောခဲ့ကြ သည်။ ထို့ကြောင့်ပင် ညလူခြေတိတ်သည့် အချိန်ကတည်းက စက်လှေပေါ်သို့ အထုပ် များကြိုတင်၍ ပို့ဆောင်ထားခဲ့သည်။ ပုံမှန်မြို့ခဏပြန်သည်ဟု အသိဖြင့် မည်သူမှ လာရောက်ခြင်းမရှိပေမယ့် အောင်ဘုတို့သုံးယောက်ကို ဆရာလေး တမင်ခေါ်ခဲ့ခြင်းဖြစ်သည်။ အားလုံး ကြေကွဲဝမ်းနည်းမည်စိုး၍ မုသားဆင်၍ ဆရာလေးဖန်တီးခဲ့ခြင်းသာ ဖြစ်သည်။ ဆရာတစ်ယောက်၏မုသားကို တပည့် တွေနားလည်နိုင်ပါစေဟု ဆရာလေး စိတ်ထဲမှ ဆုတောင်းလိုက်သည်။

ထို့နောက် အောင်ဘုပေးလိုက်သော စာကို ဆရာလေးထုတ်ဖတ်လိုက်သည်။ စာရွက်ကြမ်းလေးပေါ်တွင် ခဲတံဖြင့် မညီမညာရေးထားသော လက်ရေးလေး ကို ဦးစွာမြင်တွေ့လိုက်ရသည်။

"ဆရာလေး ရွာကနေအပြီးပြောင်း သွားတာသားသိပါတယ်။ ညက ရွာလူကြီး အိမ် အမေပိုက်ဆံပေးခိုင်းလို့ လာရင်း ဆရာလေး ရွာလူကြီးအိမ်မှာ ပြောနေ တာကို အကုန်ကြားခဲ့ပါတယ်။ ဆရာလေး ကို ပြောင်းစေချင်ပေမယ့် သားအခုတော့ မခံစားနိုင်ဘူး။ ဝမ်းနည်းတယ်ဆရာလေး ဆရာလေးကို ချစ်တယ်"

စာဖတ်ပြီးသည်နှင့် ဆရာလေး၏ မျက်ဝန်းအိမ်မှမျက်ရည်များပြိုဆင်းလာ သည်။ လာရာလမ်းကို ကြည့်လိုက်တော့ ကမ်းစပ်သည် ရေးရေးသာမြင်ရတော့ သည်။ ကောင်းကင်ကြီးသည်ကား နွေ ခေါင်ခေါင်တွင် မည်းမှောင်ရင်း ဝမ်းနည်း ခြင်းတွေကို သရုပ်ပြနေပါတော့သည်။

## မြတ်သော ဆရာ

❍ အသိပညာ တတ်စေရေး
ချော့မြှူမနေး သင်ပေးသူ
နှလုံးသားကဖြူ။
အခက်ခဲ မငြူစူ
ကျော်ဖြတ်ကူ လမ်းပြလျက်။
ပင်ပန်းစေ ပညာတတ်ဖို့
ပေးဆပ်ဆောင်ရွက်။
❍ အတတ်သင် ပညာပေးလို့
ယဉ်ကျေးဖို့ ဆုံးမရှာ
မြတ်သောဆရာ။
အနန္တဂိုဏ်း ပါဝင်ကာ
မွန်မြတ်စွာ ဦးထိပ်ထား။
ဆရာ့ဂုဏ် တုနှိုင်းမရတယ်
တွေးဆစေသား။
❍ ငယ်စဉ်အခါ ဆုံးမစကား
လမ်းမမှား လမ်းမှန်ပေ
ကျေးဇူးဂုဏ်တွေ။
ပဲ့ထိန်းကောင်း ပညာအမွေ
ပေးဝေလို့ သင်ပေး။
စေတနာ မေတ္တာနှလုံးနဲ့
ပြုံးပန်းတွေမွှေး။
❍ တပည့်တွေ ဘဝအတွက်
အပြုံးမပျက် ဦးဆောင်နှင်
လမ်းဖောက်လို့ထွင်။
မွန်မြတ်သော ကျေးဇူးရှင်
နေ့စဉ်ပင် သတိရ။
ရိုသေစွာ ဦးထိပ်မိုး
ရှိခိုးပြုကြ။ ။

မောင်မျိုးချစ်(အညာမြေ)

## မိသားစု စိုက်ခင်း

❒ အိမ်နောက်ဖေးက ကွက်လပ်မြေ
ဥယျာဉ်ခြံလေး စိုက်လို့နေ။
ဖူးပွင့်ဝေဆာ စိုက်ပျိုးခင်း
အသီးအနှံ ပေါလေခြင်း။
❒ ဟင်းသီးဟင်းရွက် စုံလင်သည်
ခဝဲ၊ ခရမ်း ပန်းဂေါ်ဖီ။
ရုံးပတီပင် ဂေါ်ရခါး
ချဉ်ပေါင်၊ ငရုတ် ပဲစောင်းလျား။
❒ ငှက်ပျောပင်များ ဝန်းရံကာ
ခြံစည်းရိုး၏ တစ်လျှောက်မှာ။
ဘူး၊ မာလကာ သခွားမွှေး
ကြောင်လျှာပင်တွေ ဝေဆာသေး။
❒ အိမ်ဝင်းလေးထဲ ဝေဝေစည်
ဟင်းသီးဟင်းရွက် ပေါများသည်။
ပေးဝေမျှမည် အိမ်နားချင်း
ခြံထွက်သီးနှံ ဓာတုကင်း
မိသားစုစိုက်ခင်း။

စျာန်လေး(ပညာရေး)

ဆောင်းပါး

# အတွေ့အကြုံမှ သင်ယူတတ်ပါစေ

■ မောင်ကြည်လင်(ရွှေကြိုးကြာ)

ကျွန်တော် ပညာရေးကောလိပ် တက်ရောက်စဉ် ကျူတိုရီရယ်ဖြေဆိုရာ၌ ဘာသာရပ်တစ်ခုတွင် ခေါင်းစဉ်မှား၍ ဖြေဆိုခဲ့ဖူးပါသည်။ ထို့ကြောင့် အမှတ်စာရင်းထွက်လာသောအခါ ထိုဘာသာရပ် ကျရှုံးသွားခဲ့သည်။ ထို့အခါ ကျွန်တော်သည် သူငယ်ချင်းများနှင့် မျက်နှာချင်းဆိုင်ရန် ရှက်နေခဲ့ပါသည်။ အကြောင်းအရင်းမှန်ကိုသိသော အဆောင်မှူး ဆရာကြီးက အားပေးစကားပြောသောအခါ "အခြားသူတွေအပေါ် သူတို့လိုကောင်းတတ်ဖို့ သင်ခန်းစာယူလိုက်ပါ၊ သင့်အပေါ်ဆိုးတဲ့သူတွေကိုလည်း အခြားသူတွေအပေါ် သူတို့လိုမဆိုးဖို့ သင်ခန်းစာယူလိုက်ပါ"ဟု ဆုံးမစကားပြောကြားခဲ့သည်။ ထို့အတူ "မင်းမှားခဲ့တဲ့ အမှားတွေကနေ သင်ခန်းစာယူပြီး နောက်တစ်ကြိမ်အတွက် အဆင်သင့်ဖြစ်အောင် ကြိုးစားပါ၊ အတွေ့အကြုံကနေ ပညာယူတတ်အောင် ကြိုးစားပါ"ဟု ပြောကြားခဲ့ပါသည်။

ကျွန်တော်ငယ်စဉ်က ရည်မှန်းချက်အလွန်ကြီးခဲ့သူဟု ဆိုရပေလိမ့်မည်။ ပညာရေးကောလိပ်တက်ရောက်စဉ်တွင် ပညာရေးတက္ကသိုလ် ဆက်လက်တက်ရောက်လိုသည့်အတွက် ဘာသာရပ်များစွာကို ကြိုးစားလေ့လာခဲ့ပါသည်။ အထူးသဖြင့် မြန်မာစာဘာသာရပ်တွင် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ စာစီစာကုံး စသည့်ရေးသားနည်းများကို အလေးထားလေ့လာခဲ့သည်။ သို့သော် ပညာရေးတက္ကသိုလ်တက်ရောက်ခွင့် ကျရှုံးခဲ့သော ကျွန်တော်သည် များစွာစိတ်ထိခိုက်ခဲ့ရသည်။ ထို့နောက်ပိုင်းတွင် စာပေလောကသို့ စတင်ဝင်ရောက်သောအခါ ပညာရေးကောလိပ်တွင် လေ့လာခဲ့သော စာပေရေးသားနည်းအတွေ့အကြုံကောင်းများမှ အထောက်အကူများစွာရရှိခဲ့ပေသည်။ ယခုအချိန်တွင် စာပေများရေးသားသောအခါ ထိုစဉ်က လေ့လာခဲ့ရသော အတွေ့အကြုံများမှာ အဖိုးတန်လှပေသည်။

ကျွန်တော်တို့အားလုံး မှားခဲ့ဖူးကြသည်။ အရှုံးများနှင့် ရင်ဆိုင်ဖူးခဲ့ကြသည်။ ထိုသို့ကြုံတွေ့ရသောအခါ လူအများစု စိတ်ပျက်အားလျော့တတ်ကြပါသည်။ ဆက်လက်အားထုတ် ကြိုးစားလိုစိတ်ကင်းမဲ့လာကြပါသည်။ ထို့အခါတွင် ဘဝရည်မှန်းချက်များ ပျက်ပြားလာကြပါသည်။

ကျွန်တော်တို့အားလုံး မည်သည့်လုပ်ငန်းကိစ္စရပ်တွင်မဆို အမှားမကင်းနိုင်ကြပါ။ ထို့အမှားကြောင့် မိမိတို့၏ လုပ်ငန်းကိစ္စများကို မဆိုင်းငံ့သင့်ပေ။ မည်သည့်နေရာ၊ မည်သည့်အချက်ကြောင့် မှားခဲ့သည်ကို ရှာဖွေသုံးသပ်ကြရန်လိုပါသည်။ ထိုသုံးသပ်မှုများမှ မိမိအမှားကို ပြင်ဆင်ကြရန်လိုအပ်ပါသည်။ ကျွန်တော်တို့သည် မိမိ၏အမှားကို သင်ခန်းစာယူ၍ ကြိုးစားဆောင်ရွက်နိုင်သကဲ့သို့ တစ်ပါးသူ၏ လုပ်ရပ်များမှတစ်ဆင့် အတွေ့အကြုံယူကာ လေ့လာသင်ယူသင့်ပါသည်။

ဖတ်ဖူးသော ပုံပြင်လေးတစ်ပုဒ်ရှိပါသည်။ တစ်ခါတုန်းက ခြင်္သေ့တစ်ကောင်၊ မြည်းတစ်ကောင်နှင့် မြေခွေးတစ်ကောင်တို့သည် မိတ်ဆွေဖွဲ့၍ အမဲလိုက်ထွက်ကြသည်။ သူတို့ သားကောင်များ ရလာသောအခါ ခြင်္သေ့က မြည်းကို ဝေစုခွဲရန် ပြောလိုက်လေသည် ။ ထိုအခါ မြည်းကလည်း အညီအမျှ သုံးပုံ ပုံ၍ ကြိုက်ရာပုံကို ယူဆောင်စားသုံးနိုင်ကြောင်း ခြင်္သေ့အား ပြောလိုက်၏။

ထိုသို့ ပြောလိုက်သောအခါ ခြင်္သေ့က မြည်းကို ဒေါသထွက်၍ ခုန်အုပ်ပြီး ဝါးမျိုစားသောက်လိုက်တော့သည်။ ထို့နောက် မြည်းကို စားသောက်ပြီးသောအခါ မြေခွေးကို ဝေစုခွဲဖို့ ပြောလိုက်ပြန်၏။

ထိုအခါ မြေခွေးလည်း သားကောင်အားလုံးနီးပါးကို အပုံကြီးကြီး တစ်ပုံပုံလိုက်၍ သူ့အတွက်တော့ အနည်းငယ်မျှကိုသာ ချန်ထားလိုက်သည်။ ထို့နောက် မြေခွေးက ခြင်္သေ့ကို သူ့စိတ်ကြိုက်စားသောက်ဖို့ ပြောလိုက်ပါသည်။

ထိုအခါတွင် ခြင်္သေ့က " ဒီလို ပုံနည်းကို ဘယ်သူက သင်ပေးတာလဲ"ဟု မြေခွေးကို မေးလိုက်ပါသည်။ မြေခွေးကလည်း "မြည်း ဘာဖြစ်သွားသလဲ ဆိုတာက သင်ပေးလိုက်တာပါ" ဟု ခြင်္သေ့ကို ပြန်ဖြေလိုက်ပါသည်။

ပုံပြင်လေးတွင် ကျွန်တော်တို့အတွက် တစ်ပါးသူ၏အဖြစ်အပျက်ကို သင်ခန်းစာယူ၍ မိမိဘဝ အသက်ရှင်နေထိုင်ရန် ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း အသိပေးထားပါသည်။

ကျွန်တော်တို့အားလုံး မိမိ၏ ကံမကောင်းမှုအမှားများ၊ တခြားသူများ၏ ကံမကောင်းမှုများ၊ ရှုံးနိမ့်မှုများကို လက်တွေ့မြင်ရသောအခါ အသိပညာ အမြော်အမြင်ဖြင့် သင်ခန်းစာယူကာ လမ်းမှန်သို့ ရောက်အောင် သွားရပေမည်။လူတစ်ဦးနှင့်တစ်ဦးမှာ အမှားများ မတူနိုင်ပေ။ ထို့အတူ ရှုံးနိမ့်သွားသော အကြောင်းအရာများလည်း ကွဲပြားတတ်ကြပါသည်။ ထို့ကြောင့် မည်သူမဆို မှားယွင်းမှုများ၊ ရှုံးနိမ့်မှုများ၊ ကံမကောင်းမှုများကို မြင်တွေ့လာရသောအခါ ထိုအမှားများထဲတွင် မိမိအတွက် အကျိုးဖြစ်ထွန်းစေနိုင်သော ပညာရပ်များကို ဉာဏ်နှင့်တွေးကာ သင်ခန်းစာယူသင့်ပေသည်။

ကျွန်တော်တို့အားလုံးသည် အလုပ်တစ်ခုကို လုပ်ဆောင်ရာ၌ "ဘယ်လိုလုပ်လိုက်ရင် ဘယ်လိုမျိုးရလဒ်တွေကို ရတတ်တယ်" ဟု အကျိုးဆက်ကို ကြိုတင်သတိထားဆောင်ရွက်ရန်လိုပါသည်။ ထိုသို့ သတိထားဆောင်ရွက်ကြမှသာ မှားယွင်းမှုများ၊ ရှုံးနိမ့်မှုများ နည်းပါးသွားကြမှာ ဖြစ်သည်။ ထို့အပြင် အမှားများ၊ ရှုံးနိမ့်မှုများ ကြုံလာသောအခါတွင်လည်း ကျွန်တော်တို့ဘဝအတွက် ဘဝအတွေ့အကြုံများ ဖြစ်သည်ဟု နှလုံးသွင်းတတ်ရပေမည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာယူပြီး လက်တွေ့ဘဝမှာ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ကြရင်းဖြင့် အောင်မြင်မှုလမ်းမှန်ဆီသို့ ရောက်အောင် ကြိုးစားကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

## ဆို က ရေး တီး

❖ တို့မြန်မာ ယဉ်ကျေးမှု
မြင်သေးခု အချိန်ခါ၊
တို့ရိုးရာ တို့ဂီတ
ပီသထံတျာ။
ညီမျှတဲ့ သံသာသာ
ဟန်ပါပါ သီဆိုနဲ့၊
အခြေခံ စည်းဝါးအစ
ကျနလေရဲ့။
❖ ဇာတ်သဘင် ထင်ရှား
ဆင့်ပွားလို့ ထိန်းသိမ်းလာ၊
အကပညာ သုခုမ
နုလှပေတာ။
ခေါင်းခါးနဲ့ ခြေ လက် ပါ
ဟန်မူရာ မျက်နှာထား၊
မြန်မာ့ဟန် အကကွက်
လှလျက်ပါလား။
❖ သီချင်းခံ သီချင်းကြီး
ရှေးနည်းလည်း မပယ်ပါ၊
ပတ်ပျိုးရယ် ယိုးဒယား
တစ်မျိုးရှားတာ။
တေးအလှ ပညာ
ထံတျာ အခြေစ။
တို့ရိုးရာ တို့တေးအလှ
ချစ်ကြပါဗျ။
❖ တို့မြန်မာ တေးဂီတ
အေးပီသ အတီးပညာ၊
ဆိုင်းဝိုင်းသံ ငြိမ့်ငြိမ့်ညောင်း
စောင်းကောက်လည်းပါ။
ကြေးကြိုးနဲ့ သားရေတဖြာ
လေ လက်ခုပ်မှာ တမူထူး၊
မြန်မာ့မူ ဆိုအတီးက
ကြားရကြည်နူး။
❖ တို့နိုင်ငံ ယဉ်ကျေးဖို့
အစဉ်တွေးလို့ ထိန်းသိမ်းပါ၊
အမျိုးဂုဏ် မြင့်မားဖို့
ဆင့်ပွားလို့သာ။
ဆိုကရေးတီး အနုပညာ
ရှချင်စရာ လက်ဆင့်ပေး။
(သို့မှလေ)
ဇာတိဂုဏ် မြင့်မားလို့
ဝင့်ကြွားမယ်လေး။ ။

ချစ်စု(ပညာရေး)

## နှလုံးလှသူ ဖြစ်ပါစေ

❍ အများအကျိုး ရွက်သယ်ပိုး
ကိုယ်အကျိုး စွန့်ခွာကာ။
ဖြူစင်ဖွယ် နှလုံးသားနဲ့
အပြုံးများချိုသာ။
အမုန်းစကား မဆိုရာ
မလိုတမာ စိတ်မမွေး။
မုဒိတာ ရင်လှာလွှမ်း၍
အေးချမ်းစေလေး။
❍ လဲနေသူ တွဲထူပေးလို့
ဆွဲကူမနေး လူတို့ဘောင်။
ကိုယ်ချင်းစာ မြတ်စိတ်ထား
ရိုးသားခုနှောင်။
မကောင်းမှု ဖယ်ကြဉ်ရှောင်
ကောင်းမှုဆောင် နှလုံးလှ။
လူသားဆန် လူသားတိုင်းကို
ရိုင်းပင်းကူကြ။
❍ မွန်မြတ်ဖွယ် မြတ်စိတ္တနဲ့
လူမှုဘဝ ဖြတ်သန်းလေ။
ချစ်မေတ္တာ ကိုယ်စီဖျန်းလို့
လန်းဆန်းပြုံးဝေ။
နှလုံးလှသူ ဖြစ်ပါစေ
အပြစ်အနာတွေ ဖယ်ခွာရင်း။
လှူရပ်ပြည် အလှတိုးအောင်
ကြိုးစားစေမင်း။ ။

ရဲသွေးနီ(တက်ဝန်)

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း(၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄) ခရိုင်၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတတ်ပညာများ တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်း(၃၄)ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။




**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ်တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)(၅) နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃) နှစ်သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါသည်။

**(၄) မွေးမြူရေးအတတ်ပညာ**

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆) နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄) နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃) နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်း**
**(၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | စစ်ကိုင်း | ၂ | ခန္တီး | ခန္တီး | ခန္တီး | အထက-ဆင်သေ |
| | | ၃ | ဟုမ္မလင်း | ဟုမ္မလင်း | ဟုမ္မလင်း | အထက(၁)၊ဟုမ္မလင်း |

စာမျက်နှာ ၂၃ သို့ ✧

✧ စာမျက်နှာ ၂၂ မှ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံးစိုက်ရာမြို့ | ကျောင်းတည်ရှိရာမြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၃ | တနင်္သာရီ | ၄ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂)၊ ကော့သောင်း |
| ၄ | ပဲခူး(အရှေ့) | ၅ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက-ပဲနွယ်ကုန်း |
| ၅ | ပဲခူး(အနောက်) | ၆ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက-သဲကုန်း |
| ၆ | မကွေး | ၇ | ချောက် | ချောက် | ချောက် | အထက-ဝွေးချို |
| ၇ | မန္တလေး | ၈ | မဟာအောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၉ | အမရပူရ | အမရပူရ | အမရပူရ | အထက-ပလစ(၂) |
| | | ၁၀ | တံတားဦး | တံတားဦး | တံတားဦး | အထက-တံတားဦး |
| | | ၁၁ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| ၈ | မွန် | ၁၂ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက-ရွာလွတ်၊ ချောင်းဆုံ |
| ၉ | ရခိုင် | ၁၃ | မြောက်ဦး | မြောက်ဦး | မြောက်ဦး | အထက(၁)၊ မြောက်ဦး |
| | | ၁၄ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၅ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၁၀ | ရန်ကုန် | ၁၆ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၇ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက - တိုက်ကြီး |
| | | ၁၈ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၉ | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | အထက-သုဝဏ္ဏ |
| | | ၂၀ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၁ | သန်လျင် | သန်လျင် | သန်လျင် | အထက - ဖားကူး |
| | | ၂၂ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၁ | ရှမ်း(တောင်) | ၂၃ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၄ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁)ပင်လုံ |
| | | ၂၅ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| ၁၂ | ရှမ်း(မြောက်) | ၂၆ | ကွတ်ခိုင် | ကွတ်ခိုင် | ကွတ်ခိုင် | အထက(၁)၊ ကွတ်ခိုင် |
| ၁၃ | ရှမ်း(ရှေ့) | ၂၇ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၈ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက-နားကောင်းမူး |
| ၁၄ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂)၊ ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက-နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက-ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၅ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက-ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |

# တရနာ(အထက)၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျိုက်မရော စက်တင်ဘာ ၃၀**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျိုက်မရောမြို့ တရနာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးညီညီလွင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် လူငယ်နှင့် စာဖတ်ခြင်းအကျိုးကျေးဇူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုဝင်းက လူငယ်နှင့်အားကစား၊ စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးအောင်ညီညီခန့်က သတိပြုရမည့် ဆိုးဆေးများ အန္တရာယ်နှင့် စားသုံးရန်မသင့်သော အစားအစာများနှင့် အချိုရည်များအကြောင်း စသည်ဖြင့် ပညာပေးဟောပြောခဲ့သည်။



**ကပြဖျော်ဖြေ**

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက Fitness အကဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တက်ရောက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဇမ္ဗူသီရိမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းကျင်းပ

**ဇမ္ဗူသီရိ စက်တင်ဘာ ၃၀**

နေပြည်တော်စာရေးဆရာများ၊ စာရေးဆရာမများနှင့် စာပေဝါသနာရှင်များက စာရေးဆရာစိုးတင့်(ဧရာဝတီ) ရေးသားသည့် "ဖိုးထောင်ဇာတ်လမ်းစုံ" စာအုပ်ဖြင့် ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဇမ္ဗူသီရိမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အဆိုပါ စာဖတ်ဝိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က စာဖတ်ဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ စာရေးဆရာများ၊ စာရေးဆရာမများဖြစ်ကြသည့် ဦးစောမျိုးအောင်(အိုင်ပီမျိုးအောင်)၊ ဦးဟန်ညွန့်(ဟန်ညွန့်-ယဉ်ကျေးမှု)၊ ဦးအောင်ဝေ(မောင်အောင်ဝေ-ညောင်ခြေထောက်)၊ဦးမောင်မောင်တာ(သဘာဝ)၊ ဦးကျော်လွင်(ကျော်လွင်မြင့်-မှော်ဝန်း)၊ ဦးသန်းမင်းထွန်း (မောင်သန်းညွန့်-မြစ်ခြေ)၊ ဦးကျော်ဇော(မောင်ကျော်ဇော - ရှင်မတောင်နံ့သာမြေ)၊ ဦးကျော်စိုး(ရွှေပြည်စိုး-မိုးကုတ်)၊ ဦးခင်မောင်မြင့်(မြင့်မောင်)၊ ဒေါ်ဌေးဌေးမြင့်(ခင်လေး-ပြည်ထောင်စုနယ်မြေ)၊ ဒေါ်မြင့်မြင့်စန်း (တိမ်တိုက်ပန်းချီ-ပျဉ်းမနား)၊ ဒေါ်ခင်နန်းစိုး(နန်းနန်း-စပါးကျီ)နှင့် စာပေဝါသနာရှင်တို့က "ဖိုးထောင်ဇာတ်လမ်းစုံ" စာအုပ်တွင် ပါဝင်သည့် အကြောင်းအရာ အချက်အလက်များကို မိမိတို့၏ဘဝအတွေ့အကြုံများနှင့် ယှဉ်ကာ အပြန်အလှန် ဆွေးနွေးကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဇမ္ဗူသီရိမြို့နယ်ရုံးအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတ ရရှိစေရန်အတွက် အွန်လိုင်းမှတစ်ဆင့် အသိပညာပေး အစီအစဉ်များကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့ စာပေမြင့်မှ လူမျိုးတင့်မည်

# ခိုလမ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား အာဟာရပြည့် နွားနို့နှင့် ကြက်ဥများ တိုက်ကျွေးခြင်း School Milk Program ပြုလုပ်




နေပြည်တော် စက်တင်ဘာ ၃၀

ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအား ကျန်းမာသန်စွမ်းပြီး ဗလငါးတန်နှင့် ပြည့်စုံ၍ ပညာရေးတွင် ထူးချွန်သည့် လူငယ်လူရွယ်များဖြစ်လာစေရန်၊ နိုင်ငံတော်အတွက် အားကိုးအားထားရသည့် လူငယ်လူရွယ်များဖြစ်လာစေရန် ရည်ရွယ်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် SUNJIN MYANMAR COMPANY တို့ ပူးပေါင်းပြုလုပ်သည့် ကျောင်းသား ကျောင်းသူများအား အာဟာရပြည့် နွားနို့နှင့် ကြက်ဥများ တိုက်ကျွေးခြင်း School Milk Program ကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ SUNJIN MYANMAR COMPANY မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက School Milk Program ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား အာဟာရပြည့် နွားနို့နှင့် ကြက်ဥများကို လိုက်လံပေးဝေခဲ့ကြပြီး စာသင်ဆောင်များအတွင်း လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆိုပါ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် SUNJIN MYANMAR COMPANY တို့ ပူးပေါင်းပြုလုပ်သည့် School Milk Program တွင် ခိုလမ်မြို့ အခြေခံပညာ အထက်တန်းကျောင်းရှိကျောင်းသား ကျောင်းသူ ၂၁၉၆ ဦးကို အာဟာရပြည့် နွားနို့ ပိဿာ ၂၁၀ နှင့် ကြက်ဥ ၂၁၉၆ လုံးတို့ကို ကျွေးမွေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် စက်တင်ဘာ ၃၀

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

သို့ဖြစ်ပါ၍ ယနေ့ညမှ နောက် ၂၄ နာရီအတွင်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

ယနေ့ညမှ နောက် ၂၄ နာရီအတွင်း ကမ်းရိုးတန်းဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ



# လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ ပြည်တွင်းရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၃၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Aung Kan Bo Motorcycle Industrial Co., Ltd. မှ တင်သွင်းလာသော Kanbo အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လေးမျက်နှာမြို့နယ်၌ လမ်းနှင့် တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

လေးမျက်နှာ စက်တင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးကိုကိုထွေးသည် ဟင်္သာတခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကိုကိုသိန်းဇော်လင်းနှင့်အတူ လေးမျက်နှာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် လမ်းနှင့် တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအား ယမန်နေ့က ကွင်းဆင်းစစ်ဆေးရာ ဦးစီးအရာရှိ(မြို့ပြ) ဦးမြင့်လင်းက ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)က လိုအပ်သည်များ လမ်းညွှန်ခဲ့ကြောင်း သိရသည်။

တင်ရွှေ(ပြန်/ဆက်)



# ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၃၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃ - ၈ ရက်အတွင်း မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာ ၉ - ၁၄ ရက်အတွင်း မြန်မာနိုင်ငံ တစ်ဝန်းလုံးမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ရွှေကူမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

❂ ကျောဖုံးမှ

ကုန်တင်လေယာဉ် စတင်ပြေးဆွဲခြင်း အခမ်းအနားကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် Terminal-1 ၏ Airside တွင်ကျင်းပရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) ၏ ကုန်တင်လေယာဉ်သည် Boeing 737-300F လေယာဉ်အမျိုးအစားဖြစ်ပြီး ထုထည်အရွယ်အစား ကြီးမားသော ကုန်ပစ္စည်းများနှင့် အန္တရာယ်ရှိသော ကုန်စည်ပစ္စည်းများအပါအဝင် ကုန်စည် အမျိုးအစားအစုံကို ခရီးစဉ်တစ်ခုလျှင် ၁၅ တန်အထိ သယ်ဆောင်ပျံသန်းပြေးဆွဲနိုင်ကြောင်း သိရသည်။ **ကိုညီလေး**

# အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာရိုးရာလှေအဖွဲ့ မီတာ ၂၀၀ ပြိုင်ပွဲ စတင်ယှဉ်ပြိုင်ရမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာရိုးရာလှေအဖွဲ့သည် မီတာ ၂၀၀ ပြိုင်ပွဲ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲ၏ ရိုးရာလှေ (နဂါးလှေ) အားကစားနည်းတွင် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ သုံးရက်ကြာကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ အောက်တိုဘာ ၄ ရက်တွင် မီတာ ၂၀၀ အမျိုးသား ၁၂ တက်လှော်ပြိုင်ပွဲ၊ မီတာ ၂၀၀ အမျိုးသမီး ၁၂ တက်လှော်ပြိုင်ပွဲ၊ အောက်တိုဘာ ၅ ရက်တွင် မီတာ ၅၀၀ အမျိုးသား ၁၂ တက်လှော်ပြိုင်ပွဲ၊ မီတာ ၂၀၀ အမျိုးသမီး ၁၂ တက်လှော်ပြိုင်ပွဲ၊ အောက်တိုဘာ ၆ ရက်တွင် မီတာ ၁၀၀၀ အမျိုးသား ၁၂ တက်လှော်ပြိုင်ပွဲ၊ မီတာ ၂၀၀ အမျိုးသမီး ၁၂ တက်လှော်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။ မြန်မာရိုးရာလှေအဖွဲ့သည် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၂၈ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။



အာရှအားကစားပြိုင်ပွဲတွင် ရိုးရာလှေ (နဂါးလှေ) အားကစားနည်းကို တတိယအကြိမ် ထည့်သွင်းကျင်းပခြင်းဖြစ်ပြီး ၂၀၁၀ ကွမ်ကျိုးအာရှအားကစားပြိုင်ပွဲတွင် ပထမအကြိမ်၊ ၂၀၁၈ အင်ဒိုနီးရှား အာရှအားကစားပြိုင်ပွဲတွင် ဒုတိယအကြိမ် ကျင်းပခဲ့သည်။ မြန်မာရိုးရာလှေအဖွဲ့သည် ပြီးခဲ့သည့်နှစ်ကြိမ်စလုံး ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၀ ပြိုင်ပွဲတွင် ငွေတံဆိပ်သုံးခုရခဲ့သော်လည်း ၂၀၁၈ ပြိုင်ပွဲတွင် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး**

# သာယာဝတီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်/ ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**သာယာဝတီ စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်/ ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ၃ နာရီက သာယာဝတီခရိုင်အားကစား ကွင်း၌ ကျင်းပသည်။

**ပြိုင်ပွဲကိုဖွင့်လှစ်**

အခမ်းအနားတွင် သာယာဝတီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဟိုက ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြို့နယ်ဘောလုံးအဖွဲ့ချုပ်လုပ်ငန်းဌာနမှ ဒါရိုက်တာ ဦးမင်းဦးကြိုင်က ပြိုင်ပွဲအတွက် ဘောလုံး ၁၆ လုံးအား ပေးအပ်ခဲ့ပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကွင်းအတွင်းသို့ ဘောလုံးကန်သွင်းပေးခြင်းဖြင့် ပြိုင်ပွဲကို ဖွင့်လှစ်ခဲ့ကာ ရွာကြီးကုန်းရပ်ကွက်အသင်းနှင့် ဖိုးခေါင်ကျေးရွာအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၅ ရက်ထိ ရပ်ကွက်ကျေးရွာများအလိုက် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



❒ **အာရှဖလားမှ**

ခြေစစ်ပွဲကို အုပ်စုရှစ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးရှစ်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးခုနစ်သင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သော အုပ်စု(E) ပွဲစဉ်များကို တာဂျစ်ကစ္စတန်နိုင်ငံတွင် ကျင်းပမည် ဖြစ်သည်။

မြန်မာအသင်းသည် ယင်းခြေစစ်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ပြင်ဆင်ရန် လက်ရှိတွင် ထိုင်းနိုင်ငံ၌ လေ့ကျင့်လျက်ရှိသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၃၀**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို လည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက် ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


**Passport ပျောက်ဆုံးကြောင်း**

Kyu Chwin Lyan [၁၃/ကခန (ပြု)၀၀၀၁၈၁] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-403722678**

**ပျောက်ဆုံးကြောင်း**

ဦးမင်းထက်နိုင် [၈/မသန(နိုင်)၁၃၉၇၄၁] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် MF026345 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-957173675**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃) ရပ်ကွက်၊ ဂန့်ဂေါရိပ်သာလမ်း၊ အမှတ် (၃၇၃/ခ) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၀'x ၆၀')ရှိ နှစ် (၆၀) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသော (၁)ခန်းတည်း (၆ ထပ်တိုက်) အဆောက်အဦ၏ ဒုတိယထပ် (၃ လွှာ)၊ အကျယ်အဝန်း (၁၇'x ၅၄')ရှိ တိုက်ခန်း (၁)ခန်းနှင့် အဆိုပါတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားလျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးကိုကို [၁၂/ဗဟန(နိုင်)၀၇၉၆၅၉]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုနန္ဒာထွန်း** **ဒေါ်ခိုင်ဇာလွင်**

**အထက်တန်းရှေ့နေ (စဉ်-၅၃၇၃၇)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)**

**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၄၄၆၆၇**

**ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အနော်မာ(၁၆)လမ်း၊ အမှတ်(၆၈၁/က)၊ ပထမထပ်နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်သက်ဦး (MAG-၀၀၃၀၈၈) သည် မအိမ့်နန္ဒာသိန်း [၂/ပတန(နိုင်)၁၆၈၆၃၅] ကိုင်ဆောင်သူအား (၃-၁၂-၂၀၀၉)နေ့မှစ၍ ကိတ္တိမသမီးအဖြစ် မွေးစားခဲ့ပြီး၊ ယခုအခါ ၎င်းသည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ ၎င်းသဘောဆန္ဒအရမိခင်ဖြစ်သူ တားမြစ်သည့်ကြားမှ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်ကို ပြုမူသွားပါသဖြင့် ၎င်းအား ယနေ့မှစ၍ ကိတ္တိမသမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမဆို ကျွန်ုပ်၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်သက်သက်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သဇင်နွယ် LL.B**

**အထက်တန်းရှေ့နေ (စဉ်-၅၄၀၂၉)**

**ရုံးအမှတ် ၉/၁၁၊ အခန်း-၁၀၁-E၊ ပထမထပ်၊ ၃၆ လမ်းတို၊**

**ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၄၅၀၅၅၂၂၆၉**

**လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ နှင်းဆီလမ်း၊ တိုက်အမှတ် (၃၀)၊ အခန်းအမှတ်(၂၀၁)နေ ဒေါ်ရင်မြ [၂/လကန(နိုင်)၀၁၃၀၈၃]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးကျော်ကျော်[၂/လကန(နိုင်)၀၀၉၃၀၈] နှင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ရင်မြ [၂/လကန(နိုင်)၀၁၃၀၈၃]တို့သည် (၅-၂-၁၉၇၈) ခုနှစ်ကတည်းက တရားဝင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်ခြင်းမရှိ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်သောကြောင့် အကြင်လင်မယားအဖြစ် (၃-၃-၂၀၁၉)ရက်စွဲပါ လင်မယားကွာရှင်းပြတ်စဲခြင်းနှင့် ပစ္စည်းခွဲဝေခြင်းကတိစာချုပ်ကို ချုပ်ဆို၍ ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ ဦးကျော်ကျော်နှင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ရင်မြတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်းမရှိတော့ပါ။ သို့ပါ၍ ဦးကျော်ကျော်နှင့် ပတ်သက်ဆက်နွယ်သည့် မည်သည့်ကိစ္စရပ်များကိုမဆို ကျွန်ုပ်မိတ်ဆွေ ဒေါ်ရင်မြက လုံးဝတာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ရင်မြ**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၂/၂၀၀၄)**
**အမှတ်(၁၅၇/၁၆၉)၊ အခန်းအမှတ်(ဘီ၂)၊**
**၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၇)၊ ဦးပိုင်အမှတ်(၂၀)၊ ၆၂x၆၃လမ်းကြား၊ ၁၃၀x၁၃၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန်းစန်းအေး [၉/မရမ (နိုင်)၀၅၃၃၆၄]က အမှုတွဲအမှတ်- ၄၅၈၂/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀)တောင်ရပ်ကွက်၊ အမှတ်(၁၀၆၇/ခ) အကျယ်အဝန်းပေ(၂၀x၆၀)ရှိ ဦးထွန်းမောင် (ဘ)ဦးသိန်းမောင်(AA-၀၈၃၅၄၂) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေနှင့် ယင်းမြေပေါ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်အဆက်ဆက်ဖြင့် လက်ရှိထားဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးဌေးမောင်[၉/ကပတ(နိုင်)၁၅၁၇၂၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန်းမိုင်(LL.B,D.M.L)** **ဒေါ်ပြုံးရီ(LL.B, D.M.L,D.I.L,D.B.L)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၄၂)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၀၁)**

**အမှတ်-၅၅၇/၅၆၇၊ အခန်း(၉၀၃)၊ ၉လွှာ၊ (MAC Tower)**

**မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊**

**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၄၇၅၈၆၀၊ ၀၉-၄၃၁၅၈၀၆၂**

**ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ ဗိုလ်ဗထူးလမ်း၊ ဗိုလ်ဗထူးအိမ်ရာ(၂)၊ တိုက်နံပါတ်-DD(2)၊ အခန်းအမှတ်(502)၊ U-900 အကျယ်အဝန်းရှိအိပ်ခန်း(၃)ခန်းပါဝင်သော တိုက်ခန်းအား ဒေါ်အိဖြူမြင့် [၁၂/သဃက(နိုင်)၁၆၂၈၄၃]က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၎င်းအမည်ဖြင့် အမည်ပေါက်လျက်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဖွင့်ဟဝန်ခံပြောဆိုလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးရွှေ[၁၂/မဂဒ(နိုင်)၀၃၇၀၀၆]က ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ ပိုင်ရေးဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှိုင်ဝတ်ရည်ဦး(LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၄၈၄၅၄/၂၈-၁၂-၂၀၁၆)**

**Ph:09-420080524**

**B(12)၊ (102)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊ မြောက်ဒဂုံ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## သန်လျင်ခရိုင်
## (၂/၂၀၂၃-၂၄) အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ သန်လျင်ခရိုင်အတွင်းရှိ မြို့နယ်များမှ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၆-၁၀-၂၀၂၃ ရက် (သောကြာနေ့)
(ခ) တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၁၃-၁၀-၂၀၂၃ ရက် (သောကြာနေ့)
(ဂ) တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ(၄:၀၀)နာရီ
(ဃ) အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက် - ၁၇-၁၀-၂၀၂၃ ရက် (အင်္ဂါနေ့)
(င) အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်အချိန်/နေရာ - (၁၀)နာရီ
သန်လျင်ခရိုင်ရုံး၊ လမ်းဦးစီးဌာန၊ သန်လျင်မြို့။ ဖုန်း-၀၅၆-၂၁၀၅၆

၂။ တင်ဒါစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ သန်လျင်ခရိုင်၊ သန်လျင်မြို့တွင် (၆-၁၀-၂၀၂၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၂၅၊ မြေကွက်အမှတ်-၄၁၃၊ မြေကွက်တည်နေရာအမှတ်- အမှတ် (၄၁၃)၊ ပြည်ထောင်စုလမ်း၊ (၂၅) ရပ်ကွက်၊ ဒဂုံတောင်၊ ဦးတင်ဦး [၁၂/သဃက(နိုင်)၀၀၈၅၅၂] (OTN - ၀၂၄၃၆၇) အမည်ပေါက် နှစ် (၆၀) ဂရန်မြေ မြေအား ဂရန်အမည်ပေါက် ဦးတင်ဦး (ဖခင်) သည် (၂၇-၂-၂၀၂၀) တွင်ကွယ်လွန်ပြီး၊ ဒေါ်မြင့်မြင့်စိန် (မိခင်) သည် (၉-၈-၂၀၂၁) တွင် ကွယ်လွန်၍ သားဖြစ်သူ ဦးမျိုးဇင်ဦးသည် (၇-၁၂-၁၉၉၉) တွင် အသီးသီးကွယ်လွန်သွားပါသဖြင့် ကျန်သမီးများဖြစ်ကြသော ဒေါ်မိုးစန္ဒာဦး [၁၂/ဒဂတ(နိုင်)၀၀၉၈၂၄]နှင့် ဒေါ်ခင်ပပဦး [၁၂/သဃက(နိုင်)၀၀၇၉၇၁] တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် - ၅၇၄၁/(၁၇-၉-၂၀၂၁) ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးမျိုးနိုင် (ခ) မူဟာမက်ဆွေဟာဒ် [၁၂/ဗတထ(နိုင်)၀၄၄၆၁၂]မှ ကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်လွှဲသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာအမှတ်-(၄၄၅၄/၂၀၂၂) (၆-၁၂-၂၂)၊ မိခင်၊ ဖခင် ဦးမျိုးဇင်ဦးနှင့် ၎င်း၏ဇနီးနှင့် သမီးတို့၏ သေစာရင်း၊ ဒေါ်မိုးစန္ဒာဦးနှင့် ဒေါ်ခင်ပပဦးတို့မှ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အခြား သားရင်း သမီးရင်း ကိတ္တိမ မွေးစားထားခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ (၄၄၅၈/၂၀၂၂) (၆-၁၂-၂၂)နှင့် ထပ်ဆင့် ကျမ်းကျိန်လွှာ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ နှစ် (၆၀) ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအားတင်ပြ၍ လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မနေခြည်လင်း သိစေရန်ကြေညာခြင်း

မနေခြည်လင်းမှာ (ဘ)ဦးစံသိန်း၊ (မိ) ဒေါ်အန်းတောင်း တို့၏ သမီးဖြစ်၍ ဖခင်ဖြစ်သူ ဦးစံသိန်းမှာ ကွယ်လွန်သွားခဲ့ပြီဖြစ်သောကြောင့် ဖခင်ဘက်မှကျန်ရစ်ခဲ့သော အမွေပစ္စည်းနှင့် ပတ်သက်ပြီး ကျန်ညီအစ်ကိုမောင်နှမများအားလုံးမှ အမွေခွဲဝေပေးမည်ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစပြီး (၃)လအတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ ခိုင်မာသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ သော်လည်းကောင်း ရှေ့နေထံသို့ ဆက်သွယ်အကြောင်းကြားပေးရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြတ်နိုးအိမ်စိုး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၃၈၂)**
**အမှတ်(၅)ရပ်ကွက်၊ သာစည်မြို့။ ဖုန်း-၀၉-၉၆၄၃၁၇၈၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ (၂)ရပ်ကွက်၊ အကွက်အမှတ်(၃) (အလယ်ပိုင်း)၊ ဦးပိုင်အမှတ်(၆၄-င)၊ ဧရိယာ(၀.၀၅၅)ဧကရှိမြေအား ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ (၂)ရပ်ကွက်၊ ဓနုသံခါလမ်း၊ အမှတ်(၁၉၉) နေ ဦးနိုင်ဝင်း[၁၄/ဓနဖ(နိုင်)၀၈၄၀၅၀]မှ မြေငှားဂရန်အသစ်ရရှိရေးအတွက် မအူပင်ခရိုင်တရားရုံး၏ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းကြောင်း လက်မှတ်စာ၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## မိဘအမည်မှန်

ပူတာအိုမြို့၊ အထက (ဆန်ဂေါ်) ကျောင်း၊ Grade-12 မှ မောင်ထွန်းမင်းနိုင်၏ မိဘအမည်မှန်မှာ ဦးစောနွဲ့ရွှေစိန် [၁/ပတအ(နိုင်)၀၁၀၇၂၈] နှင့် ဒေါ်စွဲ့ရွှေစင် [၁/ပတအ(နိုင်)၀၁၀၆၈၂] ဖြစ်ပါသည်။

## အမည်ဖြည့်စွက်ခေါ်ပါရန်

ကျွန်မ ဒေါ်မို့မို့ဦး အဖအမည် ဦးတင်လှိုင် မှတ်ပုံတင်အမှတ် [၁၂/မဂတ(နိုင်)၀၆၇၆၃၅] ကိုင်ဆောင်သူအား ဒေါ်မို့မို့ဦး (ခ)ဒေါ်အေးချမ်းမိုးလှိုင် ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၃)၊ ဦးပိုင်အမှတ် (၂၄)၊ ၆၁x၆၀.B လမ်းကြား၊ အောင်ဆန်းလမ်းx အနော်ရထားလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တူး [၅/မရန(နိုင်)၀၈၇၃၃၂]၊ ဦးအောင်မျိုးလှိုင် [၅/မရန(နိုင်)၁၆၇၃၉၈]၊ ဒေါ်ဝါဝါအောင် [၅/မရန(နိုင်)၂၂၅၄၅၉]၊ ဒေါ်မြင့်မြတ်ခိုင် [၅/မရန(နိုင်)၃၀၄၈၃၂] တို့၏ (SP ရသူ) ဦးစည်သူသိန်းထွန်း တို့က အမှုတွဲအမှတ် ၄၅၈၄/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မုန်တန်းရပ်ကွက်၊ အကွက်အမှတ် (၆၀၃)၊ ဦးပိုင်အမှတ် (၃၃၂/၅၁၉)၊ စစ်ကိုင်း-မန္တလေးကားလမ်းပေါ် ဗားကရာကျောင်းတိုက် အနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြူကြူ [၁/ဗမန(နိုင်)၀၀၁၈၈၈]၊ ဦးတင်လင်းအောင် [၁/ဗမန(နိုင်)၀၅၁၀၁၆] တို့က အမှုတွဲအမှတ် ၄၅၈၀/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## စာအုပ်စာပေ လှူမိတ်ဆွေ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၁၂၈)ရှိ တိုက်၏(စတုတ္ထထပ်)၊ အခန်းအမှတ်(၄/ဘီ)၊ အကျယ်အဝန်း(၁၂၆၆)စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ကျွန်ုပ်၏မိတ်ဆွေ **ဦးရဲလင်း[၁၂/လမန(နိုင်)၁၃၆၈၅၁]**မှ ရောင်းချရန်အတွက် ရောင်းဖိုးငွေ ၏တစ်စိတ်တစ်ဒေသကို **ဦးညီညီကျော်သူ၊ ဒေါ်အိအိသန်း** တို့ထံမှ စရန်ငွေအဖြစ် ရယူထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းတို့နှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ**
**တရားလွှတ်တော်ရှေ့နေများ**

| | | |
|---|---|---|
| **ဒေါ်နှင်းနုစိုး(စဉ်-၁၃၄၂၁)** | **ဒေါ်ခင်ခင်ဆွေ (စဉ်-၁၇၄၈၆)** | **ဒေါ်အိအိပိုင် (စဉ်-၁၇၇၃၀)** |
| **LL.B, D.B.L, D.M.L** | **LL.B, WIPO (Switzerland)** | **LL.B** |

**အမှတ်(၁၆၀)၊ ဒုတိယထပ်၊ (၃၄)လမ်း (အထက်) ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၈၈၀၁၅၅၅၁၆၊ ၀၉-၄၂၀၁၃၅၈၈၊ ၀၉-၇၉၉၂၄၇၇၆၃**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၁)၊ နောင်ရိုးလမ်း၊ မြေကွက်အမှတ်-(၆၀၇)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ )၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဗိုလ်မှူးမျိုးမြင့်သန်း(MGN-157774)**အမည်ဖြင့်တည်ရှိသော နှစ်(၆၀) မြေငှားဂရန်မြေကွက်အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်မြင့်အေး [၁၀/သဖရ(နိုင်)၀၀၀၄၅၀]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက် စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရတနာနွေး( LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၇)**
**အမှတ်- (၅၅၂/က)၊ အင်ကြင်းလမ်း၊ (၂၂)ရပ်ကွက်၊**
**တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၀၈၀၀၀၇၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ် ၄၁၅-ဒ၊ ဦးပိုင်အမှတ်(၁၅-ခ/၈)၊ ၁၂x၁၄လမ်းကြား၊ ၈၆x၈၈လမ်းကြားရှိ ဂရန် မြေကွက်အမည် ပေါက်သူ ဒေါ်သိန်းထွေး [၉/ငဇန(နိုင်)၀၈၁၉၁၂]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်- ၃၀၀၊ ဦးပိုင်အမှတ် (၃-သ/၂) ၈၈x၈၉ကြား၊ ၃၄ x ၃၅လမ်းကြားရှိဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါက်တာဒေါ်လှမင်း [၉/မရမ(နိုင်)၀၈၀၉၁၂] ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၄၀၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလှစိုးဦး [၅/စကန(နိုင်)၁၅၁၈၅၆] က ဘိုးဘအမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၄၁)၊ ဦးပိုင်အမှတ်(၃၄-က)၊ ၈၀x၈၁ကြား၊ ၃၆x၃၇ လမ်းကြားရှိ ဦးခင်မောင်တင်၊ ဒေါ်တိုးတိုး အမည်ပေါက် ဘိုးဘမြေကွက်အား ပူးတွဲ အမည်ပေါက်သူ (ခင်ပွန်း)၊ ဦးခင်မောင်တင် ကွယ်လွန်၍ ကျန်ရစ်သူ (ဇနီး)ဒေါ်တိုးတိုး[၉/မနတ(နိုင်)၀၉၀၉၁၂]က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်စာချုပ်နှင့် အရောင်းအဝယ်စာချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်-၆၅၂၊ ဦးပိုင်အမှတ်(၂၂-ဆ)၊ ၇၈လမ်း၊ ၃၇x၃၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းအောင် [၅/ကဘလ(နိုင်)၀၉၁၂၀၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်-၁၅၉၊ ဦးပိုင်အမှတ်(ယခင်-၃၈၊ ယခု-၂၇)၊ ၈၃လမ်း၊ ၂၁x၂၂လမ်းကြားရှိ မောင်ကျော်တင့်၊ မခင်သန်းနွယ်(အုပ်ထိန်းသူ) မသန်း အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်-(၄၂၁၉/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ခင်သန်းမြင့် [၉/မနမ(နိုင်)၀၃၄၂၃၀] ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဝန်းသိုလမ်း၊ အမှတ်(၃၁၁/က)ဟု ခေါ်တွင်သော အကျယ်အဝန်း(အလျားပေ၂၀x အနံပေ၆၀)(ဂရန်မူရင်း)မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် ဒေါ်ညိုညိုစမ်း[၁၂/ဒဂမ(နိုင်)၀၂၉၃၅၅] အမည်ဖြင့် မှတ်သားထားပြီး လက်ရှိပိုင်ဆိုင်ထားသော ဒေါ်ညိုညိုစမ်း [၁၂/ဒဂမ(နိုင်)၀၂၉၃၅၅]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်ဝင်း [၇/ပမန(နိုင်)၀၇၀၅၂၁]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်**
**(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကိုအယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၉ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၂၀

| | | |
|---|---|---|
| ၁။ ဦးကျော်မိုးရှိန် | နှင့် | ၁။ ဒေါ်ဆွေဆွေအေး |
| ၂။ ဒေါ်စန္ဒာထွေး | | ၂။ ဦးကျော်စိုးရှိန်(ကွယ်လွန်) |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်စွာဦး) | | ၃။ မြဝတီဘဏ်လီမိတက် |
| **(အယူခံတရားလိုများ)** | | **(အယူခံတရားပြိုင်များ)** |

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၄၁/၂၀၁၉ အမှုတွင် ချမှတ်သော အမိန့်အပေါ် အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်-၃၃၈ နေ အယူခံတရားပြိုင်အမှတ်(၁) ဒေါ်ဆွေဆွေအေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။ ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကိုအယူခံတရားလိုများမှ အယူခံမှုတင်သွင်းရာ အယူခံတရားပြိုင်အမှတ်(၂)ဦးကျော်စိုးရှိန် ကွယ်လွန်သဖြင့် တရားဝင်ကိုယ်စားလှယ်လျှောက်ထားမှုအပေါ် သဘောထားလာရောက် တင်ပြရန် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်(၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်)တွင် သဘောထားတင်ပြရန် ရုံးတော်မှချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေ အနောက်ရပ်ကွက်၊ အကွက်အမှတ်-၅၂၄၊ ဦးပိုင်အမှတ်(၁၉-က) ခဲစင်း၊ ၃၉x၄၀လမ်းကြား၊ ၈၅လမ်းရှိ ဘိုးဘ မြေကွက်အမည်ပေါက်သူ ဦးကံညွန့်[၉/မရတ(နိုင်)၀၅၅၈၇၈]၊ ဒေါ်ခင်ပိုင်ရှင်(ခ)ဒေါ်ခင်ပိုင်ပိုင်(ခ)ဒေါ်မြင့်မြင့်ပိုင်[၉/မရတ(နိုင်)၀၅၅၈၇၉]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၄၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းရီရီဝင်း[၁၃/ကမန(နိုင်)၀၅၅၁၂၈]က အရောင်းအဝယ် စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဈ/၃၃/၁၀ ရပ်ကွက်၊ ရတနာသီရိလမ်း၊ အမှတ် (၄၄၉/က) တွင်နေထိုင်သော ဒေါ်အေးစိန် (မှတ်ပုံတင်အမှတ်- AKB-၂၅၄၉၇၅) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဈ/၃၃/၁၀ ရပ်ကွက်၊ ရတနာသီရိလမ်း၊ အမှတ်(၄၄၉/က) ရှိ မြေဧရိယာ (၂၀ x ၆၀) ပေရှိသော ဦးသောင်းညွန့် [၁၂/လမန (နိုင်) ၀၈၃၅၆၂] အမည်ပေါက် ဂရန်အိမ်ခြံမြေအား တရားဝင်ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ဝင်းဝင်းမော် [၁၂/အစန (နိုင်) ၁၅၂၂၄၃]၊ ဒေါ်ခိုင်ခိုင်မေ [၁၂/လမန(နိုင်) ၀၇၃၅၆၅] နှင့် ဒေါ်အယ်နီမိုး [၁၂/ရပသ(နိုင်)၀၃၉၁၉၄] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက (၉-၉-၂၀၂၀) ရက်စွဲပါ "နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆို၍ ဒေါ်အေးစိန်မှ ဝယ်ယူလက်ရောက်ရရှိထားပြီးဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းသာလျှင် အထက်ဖော်ပြပါ အိမ်ခြံမြေ၏ ပိုင်ရှင်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးစိန်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၈၃)**
**အမှတ် (၁၁၉၂)၊ ခ/၁ လမ်း၊ မြို့သစ် (က+ခ) ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၃၈၈၆၊ ၀၉-၄၂၀၁၇၉၈၈၀**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စည်းကမ်းဟူသည် တူညီသည့် သွင်ပြင်လက္ခဏာ၊ နေထိုင်လှုပ်ရှားမှုများရရှိရန် ကန့်သတ်ထားမှုများဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ပြုလုပ်သော ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကိုထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးခံစားခွင့်ပြုသွားမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်လည်မှုရှိစေရန်အတွက် လက်ရှိလစာအပြင် အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လငွေကျပ် ၃၀၀၀၀ (သုံးသောင်း)နှုန်းဖြင့် လစဉ်ခံစားခွင့်ပြုသွားမည်ဖြစ်သည်။

အလားတူ အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိ နေ့စားအလုပ်သမားများ၏ လုပ်ခကိုအလုပ်ချိန် တစ်နေ့ ၈ နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခငွေကျပ် ၄,၈၀၀ (ကျပ်လေးထောင့်ရှစ်ရာတိတိ) အပေါ်တွင် အပိုထောက်ပံ့ကြေးအဖြစ် ၁၀၀၀ (တစ်ထောင်ကျပ်တိတိ) ထပ်မံခံစားခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အပိုထောက်ပံ့ကြေးခံစားခွင့်ပြုမည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှလည်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်
(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ) အား ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။


ယနေ့ ဖတ်စရာ

**မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၀/၂၀၂၃)**
စာမျက်နှာ » ၉

---

**တရားမဝင် သစ်မျိုးစုံ၊ ခဲသတ္တုများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ**
စာမျက်နှာ » ၁၄

---

**ကမ္ဘောဒီးယားနိုင်ငံ၏ ဆင်းရဲမှုလျှော့ချခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု**
ဆောင်းပါး
စာမျက်နှာ » ၁၆


# အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) ကုန်တင်လေယာဉ် စတင်ပြေးဆွဲ

**ရန်ကုန် စက်တင်ဘာ ၃၀**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)သည် မြန်မာနိုင်ငံ၏ လေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်း၊ ပြည်ပ ခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိရာ ခရီးသည် သယ်ယူပို့ဆောင်ရေး လေယာဉ်များအပြင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍအတွက် အားထားရမည့် ကုန်စည်စီးဆင်းမှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်များကို ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးလမ်းကြောင်းများနှင့် ချိတ်ဆက်နိုင်စေရေးရည်ရွယ်ပြီး စက်တင်ဘာ ၃၀ ရက်တွင် ကုန်တင်လေယာဉ် စတင်ပျံသန်းပြေးဆွဲသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❂




# အာရှဖလား ဖူဆယ်ခြေစစ်ပွဲတွင် မြန်မာအသင်း ပါလက်စတိုင်းအသင်းနှင့် စတင်ကစားရမည်



**ရန်ကုန် စက်တင်ဘာ ၃၀**

၂၀၂၄ အာရှဖလား ဖူဆယ်ခြေစစ်ပွဲတွင် မြန်မာအသင်းသည် ပါလက်စတိုင်းအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားရမည်**

အာရှဖလား ဖူဆယ်ခြေစစ်ပွဲကို အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (E) တွင် တာဂျစ်ကစ္စတန်၊ ပါလက်စတိုင်း၊ အိန္ဒိယအသင်းတို့နှင့် ကျရောက်နေသည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် အောက်တိုဘာ ၇ ရက်တွင် ပါလက်စတိုင်းအသင်း၊ အောက်တိုဘာ ၉ ရက်တွင် အိန္ဒိယအသင်း၊ အောက်တိုဘာ ၁၁ ရက်တွင် တာဂျစ်ကစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ❐